ကြေးမုံ
*The* Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 20 May 2021 ၁၀၃၇၉

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ဆရာတော်ကြီးများ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာဖြေသံဃာများအား လိုက်လံကြည့်ရှုအားပေး

ရန်ကုန် မေ ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်)နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ(ပထမအဖွဲ့ခွဲ)မှ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ(သံဖြူဇရပ်)၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလ (ပြည်)နှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇန ဟိတဓရ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ (မိုးကုတ်) ဆရာတော်ကြီးတို့သည် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ (၇၃) ကြိမ်မြောက်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**



(၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ ကျင်းပစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ



**ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၄



**နေရောင်ခြည်စွမ်းအင်ဖြင့် ဆိုလာလျှပ်စစ်ထုတ်ယူခြင်း**

ဆောင်းပါး စာမျက်နှာ » ၁၁

**၂၀၂၁-မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့် အသိပေးကြေညာချက်**

စာမျက်နှာ » ၃



**ဘာလီကျွန်း၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိ**

စာမျက်နှာ » ၉

**ဆရာကြီး ဦးသန်းကြွယ်၏ ရွှေသွေးတစ်ခေတ် ကာတွန်းလက်ရာများ**



စာမျက်နှာ » ၁၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာမျက်နှာ » ၁၅

ကြေးမုံ

# နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်

“တပ်မတော်အနေဖြင့် ပြည်သူက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်ခိုင်မာမာဖြစ်စေရန် နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်နေခြင်းဖြစ်သဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၈ ရက်နေ့တွင် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံစဉ် မှာကြားခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို မလွှဲမရှောင်သာဘဲ တာဝန်ယူဆောင်ရွက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်ထွန်းစေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့်ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင်နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅ )ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး တွေ့ရှိချက်များကို ထုတ်ပြန်အသိပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လမ်းပေါ်ထွက် ဆန္ဒပြမှုများ လျော့နည်းလာသည်။ ဆန္ဒပြမှုအရှိန်အဟုန်ကို ဟန့်တားနိုင်သဖြင့် ဆူပူဆန္ဒပြသူများနှင့် ဒုစရိုက်သမားများ ရောထွေး၍ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြောင်းလဲလုပ်ကိုင်လာကြသည်။ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ အုပ်ချုပ်ရေးယန္တရားများကို မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးများ၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့များအား လက်လုပ်ဗုံးများ၊ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များ၊ တုတ်၊ ဓား၊ လှံများဖြင့် စီးနင်းတိုက်ခိုက်ခြင်းတို့ကို ပြုလုပ်လာကြသည်။

ထိုသို့ပြုလုပ်ခြင်းများကြောင့် ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များဖြစ်လာခြင်း၊ မြို့ရွာများ မတည်မငြိမ်ဖြစ်လာခြင်း၊ အုပ်ချုပ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များ အလုပ်ရှုပ်နေကြသည်ကို မသမာသူများ၊ အဖျက်သမားများ၊ နိုင်ငံရေးအစွန်းရောက်များ၊ မသိနားမလည်သူများက ကျေနပ်အားရဖြစ်နေကြသည်။ လက်ရှိတွင် အကြမ်းဖက်သမားများက လက်လုပ်ဗုံးများ၊ မိုင်းများကို မြို့ပြများတွင် တပ်ဆင်ဖောက်ခွဲဆောင်ရွက်ကြခြင်းကြောင့် သေဆုံး၊ ဒဏ်ရာရမှုများကို တွေ့ရမည်ဖြစ်သည်။ မသမာသူအဖျက်သမားများသည် ပြည်သူလူထုကြားတွင် ပြည်သူလူထုကို အကာအကွယ်ယူ၍ ပြည်သူလူထုကို ထိခိုက်စေသော အဖျက်လုပ်ရပ်များကို လုပ်ကိုင်လာကြသည်။

အများပြည်သူဆိုင်ရာနေရာများတွင် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း စသည့် တိုက်ခိုက်မှုများသည် အစိုးရကို တိုက်ရိုက်မထိခိုက်ဘဲ ပြည်သူလူထုသာ ထိခိုက်နစ်နာကြရသည်။ ပြည်သူလူထုသာ စိုးရိမ်ပူပန်မှုဖြစ်ကြရသည်။ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ ဆူပူအကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ ၆၃ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ မြို့ရွာများတွင် ဆူပူဆန္ဒပြအကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ကြပြီး လုံခြုံရေးတပ်ဖွဲ့များကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရာမှ သေဆုံးခဲ့ရသော အကြမ်းဖက်သူ ရာချီသေဆုံးရသည်ထက် အပြစ်မဲ့ပြည်သူများ ရက်ရက်စက်စက်သတ်ဖြတ်ခံရသဖြင့် သေဆုံးရမှုများအတွက် များစွာစိတ်မကောင်းဖြစ်ရသည်။ ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူမဟုတ်ဘဲ ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ကြသော ပြည်သူများသေဆုံးရခြင်းတို့ကို စာနာရမည်ဖြစ်သလို ကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်ပေသည်။

သို့ပါ၍ ပြည်သူများကြားတွင် စိမ့်ဝင်ရောနှောပြီး ပြည်သူလူထုနှင့် ပြည်သူလူထုဆိုင်ရာများကို ဖျက်ဆီးတိုက်ခိုက် သတ်ဖြတ်နေသော အစွန်းရောက်အကြမ်းဖက်သမား အဖျက်သမားများကို ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်သည်။ ယခုအခါ သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးအဖွဲ့အစည်းများအား ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ အသိပေးထုတ်ပြန်ထားသည်။ အဆိုပါ အဖျက်သမားများနှင့်ပတ်သက်သော သတင်းများ၊ လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့များအား သတင်းပေးပို့ကြပါရန် အသိပေးအပ်ပါသည်။ အများပြည်သူအကျိုးအတွက် သတင်းပေးခြင်းသည် တာဝန်သိသောနိုင်ငံသားဖြစ်ပြီး မိမိတို့ ရပ်ရွာပြည်သူ လုံခြုံရေးအတွက် အကာအကွယ်များလည်း ဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာရေးအတွက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက်ရှိရာ နိုင်ငံအတွင်း လက်ရှိဖြစ်ပေါ် နေသည့် အခြေအနေအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်အတွက် မဖြစ်သင့်တာမဖြစ်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်နှင့် လုံခြုံရေးဆိုင်ရာများအနေဖြင့် နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းရွက်နေသော အစဉ်အလာရှိသည့် တပ်မတော်အပေါ်တွင် သစ္စာစောင့်သိရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် “Civil Disobedience Movement–CDM” တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ “CRPH” နှင့် “NUG” အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် “NUG”အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ “NUG” နှင့် “PDF”တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ “CDM” ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ “CDM” မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်း တို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃) ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၉ - ၅ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၂,၃၁၇ | ၂၁,၀၈၄,၇၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၅,၉၃၈ | ၂၀,၇၈၃,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၁၆ | ၉၀၄,၈၀၀ |
| FPB | ၂၀,၀၀၀ | ၁၉,၅၀၀ | ၈၇ | ၁,၆၉၉,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၈၀၀ | ၅၂ | ၁၄၃,၄၀၀ |
| EFR | ၃,၀၀၀ | ၃,၀၀၀ | ၁၀၉ | ၃၂၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၅၄.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၂၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၇.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၆၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၀၀.၅၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၆၂၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၃.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၄၃.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၇.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၄၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဆရာ ဆရာမများအား ၎င်းတို့ရရှိထားသည့် ဘွဲ့အရည်အချင်းများအလိုက် ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ ဆရာမများအား ၎င်းတို့ရရှိထားသည့် ဘွဲ့အရည်အချင်းများအလိုက် ထောက်ပံ့ကြေးများပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်ဆောင်ရွက်ချိန်တွင် အနှောင့်အယှက်ပြုလုပ်ခြင်းနှင့် ဖျက်ဆီးခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ယခင်အစိုးရများက ရေးဆွဲအတည်ပြုခဲ့သည့် အမျိုးသားပညာရည်မြှင့်မားရေးအနှစ်(၃၀) နှစ်ရှည်စီမံကိန်းအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့်လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသောလုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဆိုပါ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၀/၂၀၂၂) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာနှင့်အထက် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။



၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သားသမီးများ၊ ကျောင်းသား ကျောင်းသူများအနက်မှ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင်၇၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၃၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၄၉ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၄၅၀ တို့ဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုစာသင်နှစ်အတွက် ကျပ် ၂၆၀၃၅၀၀၀၀ အား ပညာသင်ထောက်ပံ့ကြေးအဖြစ်ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးမည့် အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို ဘဏ်စတင်တည်ထောင်သည့် ၁၉၅၃ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြေကျေစွာပေးဆပ်ပြီးနောက် ချေးငွေသစ် ထပ်မံရယူခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ကာလရှည်ကြာစွာ အတူလက်တွဲဆောင်ရွက်ခဲ့ကြပါသည်။

၂။ COVID-19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ၂၀၂၀ မိုးရာသီ ချေးငွေပေးဆပ်ရန် ငွေကြေးအခက်အခဲများရှိနေသည့် တောင်သူများအဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ ၂၀၂၀ မိုးချေးငွေ နောက်ဆုံးပေးဆပ်ရန် ကာလသတ်မှတ်ချက်ကို **၂၀၂၂ ခုနှစ် ဧပြီလ (၁၅) ရက်နေ့အစား ၂၀၂၂ ခုနှစ် ဇူလိုင်လ (၃၁) ရက်နေ့ထိ တိုးမြှင့်ပြင်ဆင် ဖြေလျှော့ပေးထားပြီးဖြစ်ပါသည်။**

၃။ ယခုအခါ ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ၂၆-၅-၂၀၂၂ ရက်နေ့မှစ၍ ၃၀-၉-၂၀၂၂ ရက်နေ့အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများတွင် ထုတ်ချေးပေးမည်ဖြစ်ပါသဖြင့် ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားဦးကြီးများအနေဖြင့် ချေးငွေဟောင်း ပြေကျေအောင်ပေးဆပ်ပြီး ၂၀၂၂ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေး၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၉**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review– UPR) လုပ်ငန်းအဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အကြံပြုချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လမ်းညွှန်မှု ခံယူဆောင်ရွက်ကြရမည်**

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အကြံပြုချက် ၁၈၉ ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို လာမည့်ဇွန်လအတွင်း UPR လုပ်ငန်းအဖွဲ့သို့ ပေးပို့ရမည် ဖြစ်ပါကြောင်း၊ အကြံပြုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက လက်တွေ့ဆောင်ရွက် နေမှုကိုအခြေခံ၍ သုံးသပ်ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ အကြံပြုချက် အချို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှု ခံယူဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း ပြောကြားသည်။

**ဆွေးနွေးကြမည်**

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံသည် UPR ပထမ အကျော့ အစီရင်ခံစာကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဒုတိယအကျော့ အစီရင်ခံစာကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း တင်သွင်းခဲ့ပါကြောင်း၊ တတိယအကျော့အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် တင်သွင်းရန် အလှည့်ကျခဲ့သဖြင့် အစီရင်ခံစာ တင်သွင်းနိုင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်၍ ရေးသားပြုစုခဲ့ပါကြောင်း၊ အဆိုပါ အစီရင်ခံစာကို ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်(Universal Periodic Review– UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ အတည်ပြုချက်ဖြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် ရုံးမှတစ်ဆင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)သို့ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် သတ်မှတ်ရက်အတွင်း ပေးပို့ ခဲ့ပါကြောင်း၊ တတိယအကျော့ အစီရင်ခံစာအပေါ် UPR လုပ်ငန်း အဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ဇန်နဝါရီ ၂၅ ရက်တွင် သုံးသပ်မှုခံယူခဲ့ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၀၆ နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အကြံပြုချက် ၃၅၄ ချက်ကို အကြံပြုခဲ့ကြပါကြောင်း၊ အကြံပြုချက် ၃၅၄ ချက်အပေါ် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ဇန်နဝါရီ ၂၇ ရက်တွင် ပြန်ကြားခဲ့ရာ အကြံပြုချက် ၁၁၉ ချက်အပေါ် လက်ခံသည်ဟူ၍လည်းကောင်း၊ အကြံပြုချက် ၄၆ ချက်အပေါ် မှတ်သားထားသည်ဟူ၍လည်းကောင်း၊ အကြံပြုချက် ၁၈၉ ချက်အပေါ် စိစစ်ပြန်ကြားမည်ဟူ၍လည်းကောင်း ပြန်ကြားခဲ့ပါကြောင်း၊ ယခု အစည်းအဝေးတွင် မြန်မာနိုင်ငံမှပြန်ကြားရန်ကျန်ရှိသည့် အကြံပြုချက် ၁၈၉ ချက်ကို သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုအပေါ် မူတည်၍ လက်ခံရန်သင့်၊ မသင့် ဆွေးနွေးကြမည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေးသင်တန်း အမှတ်စဉ် (၂/၂၀၂၁) ဖွင့်လှစ်




**နေပြည်တော် မေ ၁၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံး အခြေခံလေ့ကျင့်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်မည့် ဝန်ထမ်းများသည် ကော်မရှင်အတွက် အင်သစ် အားသစ်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှု စနစ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးနိုင်ရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် လိုအပ်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လိုအပ်ကြောင်း။

လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ရန် ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ခံယူချက် မှန်ကန်ရန်လိုအပ်ကြောင်း၊ ဌာန၏ ရည်မှန်းချက်၊ တာဝန်နှင့် ကျင့်ဝတ်များကို သိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြင့်မားလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိအား ပေးအပ်သည့်တာဝန်ကို ကြိုးကြပ်မှုအနည်းဆုံးနှင့် ဆောင်ရွက်နိုင်ရန်လည်းလိုအပ်ကြောင်း၊ ကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ကျင့်ဝတ်တွင် ဖော်ပြထားသည့် အခြေခံမူ(၆)ချက်ကို လိုက်နာကြရမည် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများသည် အတွေ့အကြုံရှိသည့် ဝန်ထမ်းများဖြစ်သဖြင့် မိမိကိုယ်ကို ကျန်းမာစွာနေထိုင်၍ စိတ်ရော ကိုယ်ပါ ကြံ့ခိုင်၊ ကျန်းမာ၊ ကျွမ်းကျင်စွာဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများအဖြစ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပို့ချသွားမည်**

အခြေခံ လေ့ကျင့်ရေးသင်တန်းကို မေ ၁၉ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေ၊ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၊ ကော်မရှင်ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

❂ ရွှေဖုံးမှ

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ ဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှု အားပေး ချီးမြှောက်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့ အာဇာနည် ရွေးချယ်ပွဲကြီးကို ၁၃၁၀ ပြည့်နှစ် ပထမ အကြိမ်မှစတင်၍ နှစ်စဉ်မပျက် ကျင်းပခဲ့သည်မှာ ယခု ၁၃၈၃ ခုနှစ်တွင် (၇၃) ကြိမ်မြောက်တိုင် ရောက်ရှိခဲ့သည်။ ကျင်းပပြီးစီးခဲ့သော (၇၂) ကြိမ် မြောက်စာမေးပွဲကြီးထိ ၇၂ နှစ်တာကာလအတွင်း တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်မြတ်ကြီး ၁၅ ပါး၊ တိပိဋကဓရ ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့ အာဇာနည် အရှင်မြတ်ကြီး ခုနစ်ပါးတို့ ပေါ်ထွန်း ခဲ့ပြီဖြစ်သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည်သာသနာတော်ကြီး၏ ရေသောက်မြစ်ရှင်သန်အောင် ပြုစုရာ၌ အဓိကကျ သော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယနေ့ကျင်းပသည့် (၇၃)ကြိမ်မြောက် တိပိဋက ဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲသို့ အဘိဓမ္မာ(ရှေ့ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ ဒီဃနိကာယ် စာဖြေသံဃာ ၂၄ ပါး၊ ဝိနည်း (နောက်ပိုင်း) စာဖြေသံဃာ ၄၂ ပါး စုစုပေါင်း စာဖြေသံဃာ ၇၂ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲ ကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ပြီး စာဖြေသံဃာ ၁၇၁ ပါး ဝင်ရောက်ဖြေဆိုလျက် ရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာ တော်)၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ (သန်လျင်မင်းကျောင်းဆရာတော်) နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ (ပထမအဖွဲ့ခွဲ)မှ ဆရာတော်ကြီးများက (၇၃) ကြိမ် မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေး(သဘောရေးဖြေ)စာမေးပွဲ ဖြေဆိုလျက်ရှိကြ သော စာဖြေသံဃာများအား လိုက်လံကြည့်ရှု အားပေးချီးမြှောက်စဉ်။



# မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီကင်းတား ဆည်ရေသောက် ရေအသုံးချသူများအစုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးသည် မေ ၁၇ ရက် နံနက်ပိုင်းတွင် မြို့ကြီးရေလွှဲဆည်၌ မိတ္ထီလာ လွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ဇော်ဂျီကင်းတား ဆည်ရေသောက် ရေပေးဝေမှုစနစ်အတွင်းရှိ ဆည်ရေ အသုံးချသူများအစုအဖွဲ့များအား တွေ့ဆုံ၍ ခေတ်မီ နည်းပညာများအသုံးပြု၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ဆွေးနွေးခဲ့ကြ သည်။



**ဆွေးနွေးပြောကြား**

ယင်းနောက် ရေအသုံးချသူများအဖွဲ့နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲ သက်ရောက်လာသည့် ရာသီဥတုကြောင့် လယ်ယာ ကဏ္ဍတွင် ကြုံတွေ့ရသည့် အခက်အခဲများတွင် ရေရှားပါးမှုပြဿနာသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ယခင်က ရေရှားပါးခြင်းကြောင့် အငြင်းပွားခြင်း၊ တောင်သူအချင်းချင်း၊ ကျေးရွာများ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများရှိခဲ့သော်လည်း ယခုအခါ ရေအသုံးချသူများအဖွဲ့များ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သဖြင့် အဆိုပါပြဿနာများကို အကောင်းဆုံး ကျော်လွှားနိုင်ပြီဖြစ်ကြောင်း၊ ရေကို အကျိုးရှိရှိ အသုံးချနိုင်ရုံမျှမက အတူယှဉ်တွဲနေထိုင် နိုင်ခြင်းနှင့် အပြန်အလှန် နားလည်ကူညီခြင်း၏ အနှစ်သာရကို တွေ့မြင်မည်ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံကောင်းများကို အခြေခံပြီး စိုက်ပျိုးမွေးမြူထုတ်လုပ်ရာတွင်လည်း စုပေါင်း မတည်ခြင်းကြောင့် ခိုင်မာတောင့်တင်းသော အရင်းအနှီးနှင့် စုပေါင်းရောင်းချခြင်းကြောင့် လက်ကားဈေးကွက်သို့ ဝင်ရောက်နိုင်သဖြင့် ဈေးကွက်အကျိုးအမြတ် ပိုမိုရရှိစေရန် စိုက်ပျိုး မွေးမြူရေးကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ ထူထောင်ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သော အကူအညီများနှင့် အသင်းအဖွဲ့ဆိုင်ရာ ဥပဒေများ နှင့်အညီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကို မိမိတို့ ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြ သည့် ရေအသုံးချသူများအဖွဲ့ ခေါင်းဆောင်များက ဆောင်ရွက်ဆဲ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေများ နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် နိုင်ရေး၊ ကျေးရွာအလိုက် မျိုးစေ့ထုတ် တောင်သူ အစုအဖွဲ့များဖွဲ့စည်း၍ ဆန်စပါးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မိတ္ထီလာမြို့ရှိ စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာ စက်ပြင်စက်မောင်း ကျွမ်းကျင်သင်တန်းသို့ ရောက်ရှိကြပြီး မြေပြင် လက်တွေ့သင်တန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ရမည်းသင်းမြို့နယ် ချောင်းမကြီး မျိုးသန့် ခြံတွင် စပျစ်စိုက်တောင်သူများနှင့်တွေ့ဆုံ၍ စပျစ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အလားအလာ များ၊ စပျစ်ခြောက်၊ စပျစ်ဝိုင်စသည့် တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်ရေး၊ ပြည်ပဈေးကွက်သို့ တင်ပို့ နိုင်ရေးနှင့် စပျစ်စိုက်ပျိုးသူများ သမဝါယမအသင်း များ ထူထောင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၏ တောင်သူများအပေါ် အားပေးကူညီမှုကို ပိုမိုအားစိုက်ဆောင်ရွက်ကြရန် လိုအပ်



**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် သထုံစိုက်ပျိုးရေးသိပ္ပံကျောင်းသို့ ရောက်ရှိပြီး မကြာမီပြန်လည်ဖွင့်လှစ်တော့မည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ၌ မွေးမြူရေးဒီပလိုမာ သင်တန်းများ အသစ်ထည့်သွင်း ဖွင့်လှစ်မည်ဖြစ်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်နိုင်ရေး၊ သင်ကြားရေး၊ သင်ယူရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ကြည့်ရှု စစ်ဆေးသည်။

**သီးနှံပုံစံပြောင်းလဲ**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် အင်္ဂဘိုဥယျာဉ်ခြံတွင် ဆောင်ရွက် လျက်ရှိသည့် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးဆောင်ရွက် ထားရှိမှု၊ ဒေသနေတောင်သူများ၏ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် နည်းပညာအထောက် အပံ့ ဆောင်ရွက်ပေးနေမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေး ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံ တောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တောင်သူ များအပေါ် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၏ အားပေးကူညီမှုကို ပိုမိုအားစိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှု ကျင့်စဉ် GAP ကျင့်စဉ်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာအပါအဝင် စားသုံးသူဘေးကင်းလုံခြုံရေး၊ အရည်အသွေးကောင်း သီးနှံမျိုးများ ပြောင်းလဲ စိုက်ပျိုးနိုင်ရေး၊ ပြည်ပပို့ကုန် စံချိန်စံညွှန်းများ နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် ဒေသနှင့် ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲပေးခြင်း၊ သီးနှံ ဈေးကွက် သတင်းအချက်အလက် အသုံးပြုနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးမှာကြား သည်။

**သတင်းစဉ်**

# တာဝန်ယူမှု တာဝန်ခံမှု

"တာဝန်သိတာ ကိုယ်ကျင့်။
တာဝန်ယူဝံ့တာ သတ္တိ။
တာဝန်ယူနိုင်စွမ်းရှိတာက စွမ်းရည်။"

ဆရာအောင်သင်း (၁၉၂၇-၂၀၁၄)

**နိဒါန်း**

စာရေးသူသည် ဘဝသက်တမ်းတစ်လျှောက်လုံး ဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ရာတွင် မိမိအား အထက်မှပေးအပ်သော တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့ပါသည်။ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ရင်း အတွေ့အကြုံများစွာရခဲ့ပါသည်။ သက်ဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှု၊ ဆက်စပ်ပတ်သက်မှု၊ နိုင်နင်းမှုအရ တာဝန်ခွဲဝေလုပ်ဆောင်ရပါသည်။ အောင်မြင်မှုများလည်း ရရှိခဲ့ပါသည်။

စစ်မှုထမ်းကောင်းတံဆိပ်၊ စီမံထူးချွန်(ပထမအဆင့်) တံဆိပ်စသည့် ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ခြင်းခံခဲ့ရပါသော်လည်း ဘဝင်မမြင့်ပါ။ မိမိကိုယ်ကို အတွေ့အကြုံရင့်ကျက်လှပြီ၊ တော်လှပြီဟု မယူဆပါ။ အစဉ်မပြတ် ပိုမိုကောင်းမွန်တိုးတက်အောင် လေ့လာဆည်းပူးနေဆဲဖြစ်ပါသည်။ သိအောင်မေးပါသည်။ သိသူထံမှ သင်ယူပါသည်။ လုပ်ငန်းခွင်ကျွမ်းကျင်မှုသည် စာတွေ့သက်သက်နှင့်လည်း မပြီးပါ။ ကိုယ်တွေ့ အတွေ့အကြုံဖြတ်သန်းမှု သက်သက်နှင့်လည်း မပြီးပါ။ အတွေ့အကြုံများစွာရှိသော ရှေ့ကဝန်ထမ်းများဆီက သင်ယူရသည့်အပြင် ကိုယ်တိုင်စာတွေ့ လက်တွေ့လေ့လာ၍ ရသမျှကို ချစ်စွာသော စာဖတ်သူများသို့ မျှဝေလိုပါသည်။

**အမေးအဖြေ**

အမေးအဖြေပုံစံမျိုးဖြင့် လိုရင်းတိုရှင်းဖော်ပြထားပါသည်-

၁။ မေး။ **နယ်ဘက်၊ စစ်ဘက်၊ လုပ်ငန်းခွင်အသီးသီး၊ အဖွဲ့အစည်းအမျိုးမျိုးတို့တွင် အကြီးအမှူးများက မပျက်မကွက်ဆောင်ရွက်ကြရသော အဓိကအချက်များရှိပါက ဖော်ပြပါ။ ဘယ်နှချက်ရှိသလဲ၊ ဘာတွေလဲ။**

ဖြေ။ အဓိက (၁၂) ချက်မှတ်သားဖူးပါသည်။ အောက်ပါအချက်များ ဖြစ်ကြပါသည်-

(၁) တာဝန်ခံမှု - Accountability
(၂) တာဝန်သိမှု - Responsibility
(၃) ကွပ်ကဲမှု - Command
(၄) ကြီးကြပ်ခြင်း - Control
(၅) စစ်ဆေးခြင်း - Check (Weekly.,etc)
(၆) တိုက်ဆိုင်စစ်ဆေးခြင်း - Countercheck
(၇) ဆက်ဆံရေးကျွမ်းခြင်း - Communication Skill
(၈) ထပ်မံစစ်ဆေးခြင်း - Recheck
(၉) ပေါင်းစပ်ညှိနှိုင်းခြင်း - Coordination
(၁၀) ပူးပေါင်းလုပ်ဆောင်ခြင်း - Cooperation
(၁၁) ရဲဘော်ရဲဘက်စိတ် - Spirit-De-Corps
(၁၂) စံနမူနာပြသခြင်း - Set the Example (Talk and Walk)

၂။ မေး။ **တတ်မြောက်ကျွမ်းကျင်သူပီသသူ၏ လက္ခဏာရပ်များက အဘယ်နည်း။**

ဖြေ။ မှတ်သားလေ့လာချက်အရ (၅)ချက် ရှိပါသည်-

(၁) တာဝန်ယူမှုနှင့်တာဝန်ရှိမှု
(၂) စွမ်းရည်ရှိမှု
(၃) အထူးပြုလေ့လာမှုနှင့်ကျွမ်းကျင်မှု
(၄) ရိုးသားဖြောင့်မတ်မှုသိက္ခာ
(၅) မိမိကိုယ်ကို ယုံကြည်မှု

၃။ မေး။ **တာဝန်ယူမှု၊ တာဝန်ခံမှုကို အဓိပ္ပာယ်ပြဆိုပေးပါ။**

ဖြေ။ (၁) မိမိတာဝန် မိမိယူပါ။
(၂) အလုပ်နှင့်ကိုယ်ရေးကိုယ်တာခွဲခြားပါ။
(၃) သူတစ်ပါးအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင်နေပါ။
(၄) အချိန်ကိုလေးစားပါ။
(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို လေးစားပါ။
(၆) သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် ဆောင်ရွက်ရပါမည်။

၄။ မေး။ **တာဝန်ခံမှု၊ တာဝန်ယူမှုပျောက်ဆုံးရခြင်း အကြောင်းရင်းများက ဘာလဲ။**

ဖြေ။ (၁) မိသားစုအတွင်း၊ လုပ်ငန်းခွင်အတွင်း လက်အောက်ငယ်သားများအား လုပ်ပိုင်ခွင့် ခွဲဝေမပေးဘဲ လက်ဝါးကြီးအုပ်ထားခြင်း။
(၂) လူ့အခွင့်အရေးနှင့် လူ့တန်ဖိုးကို အလေးထားမှု အားနည်းခြင်း။

၅။ မေး။ **တာဝန်ခံခြင်းအသိစိတ်မြှင့်တင်ရန် ဘာလုပ်သင့်သလဲ။**

ဖြေ။ (၁) မိမိရည်မှန်းချက်ပန်းတိုင်ကို ရှင်းရှင်းလင်းလင်း သိပါ။
(၂) ဘာကိုငါအဓိကတာဝန်ခံရမှာလဲ အတိအကျသိပါ။
(၃) ဆောင်ရွက်ခဲ့မှုများကို သင်ခန်းစာယူ သုံးသပ်ပါ။
(၄) အစဉ်မပြတ်လေ့လာသင်ယူပါ။

၆။ မေး။ **တာဝန်ခံမှု အလေ့အထမြင့်တက်စေရန် ဘာတွေလုပ်ရမလဲ။**

ဖြေ။ (၁) မိမိကိုယ်တိုင် တာဝန်ခံမှုကို ပြသစတင်ပါ။
(၂) မိမိလိုချင်သော တာဝန်ခံမှုပုံစံကို တိကျသေချာစွာ ချမှတ်ရမည်။
(၃) လုပ်ငန်းအောင်မြင်စေရန် အားပေးမြှင့်တင်ရမည်။
(၄) တာဝန်ခံမှုသည် လူတိုင်းကိုယ်စီ အချိန်တိုင်း အမြဲတမ်း တစ်ပြေးညီရှိရမည်။
(၅) လက်အောက်ငယ်သားများ၏ ဆောင်ရွက်နေမှုကို အခါအားလျော်စွာ ပြန်လည်စစ်ဆေးသုံးသပ်၍ ယင်းတို့၏ တာဝန်ခံမှုရှိခြင်းကို တည်တံ့အောင် ထိန်းသိမ်းဖို့ အားပေးရမည်။

**ဖိုးသာထူး**

၇။ မေး။ **တာဝန်ခံမှုရှိရေးလေ့ကျင့်ပေးရန် အချက်များရှိလျှင် ဖော်ပြပါ။**

ဖြေ။ (၁) မိမိဆောင်ရွက်ရမည့် လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ခြင်း။
(၂) ရိုးသားဖြူစင်ပြီး ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ခြင်း။
(၃) ကတိပေးပြီးပါက ပြီးဆုံးသည်အထိ လုပ်ဆောင်ရမည်။
(၄) မလုပ်နိုင်ပါက အစတည်းက ငြင်းပယ်ရမည်။
(၅) အရေးကြီးမှုနှင့် အလျင်လိုမှုကို တိကျစွာ ခွဲခြားသိရမည်။
(၆) အမှားအယွင်းနှင့် မအောင်မမြင်ဖြစ်ပါက ရိုးသားစွာ ရဲဝံ့စွာ ဝန်ခံရမည်။

၈။ မေး။ **တာဝန်ခံမှုရှိသော ပတ်ဝန်းကျင်ကို တည်ဆောက်ရန် အခြေခံလိုအပ်ချက်များ ရှိပါသလား။ ဘာတွေလဲ။**

ဖြေ။ (၁) အပြန်အလှန်လေးစားမှုပေးနိုင်သော ဆက်ဆံရေးကို တည်ဆောက်ရန်။
(၂) ပြောဆိုဆွေးနွေးထိတွေ့ဆက်ဆံမှု တတ်နိုင်သမျှ နေ့စဉ်ရှိစေရန်။
(၃) လူတိုင်းပါဝင်လာနိုင်ရေး ဆွဲဆောင်စည်းရုံး ဖိတ်ခေါ်ရန်။
(၄) တာဝန်ယူလိုစိတ်ရှိရေးအတွက် လုပ်ငန်းအောင်မြင်ပါက ချီးကျူးစကားပြောရန်နှင့် မအောင်မြင်ပါက နှစ်သိမ့်စကားပြောဆို၍ နောက်တစ်ကြိမ် အခွင့်အရေးပေးရန်ဟူသော (၄)ချက်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

**လက္ခဏာများ**

တာဝန်ခံမှု၊ တာဝန်ယူမှုနှင့်ပတ်သက်၍ ခေါင်းဆောင်မှာ ရှိအပ်သည့် လက္ခဏာ (၄) ရပ် ဖော်ပြသင့်ပါသည်-

(၁) စာနာတတ်ခြင်း
(၂) လုပ်ပိုင်ခွင့်ပေးခြင်း
(၃) ညှိနှိုင်းဆောင်ရွက်တတ်ခြင်း
(၄) ခံနိုင်ရည်သတ္တိ (စိတ်ဓာတ်ကြံ့ခိုင်မှု)

တာဝန်ခံမှုနှင့် ဆက်စပ်သော အကြောင်းအရာများ (၄)ချက် ဖော်ပြရမည်ဖြစ်ပါသည်-

(၁) အပြန်အလှန် လေးစားရိုသေမှု
(၂) ယုံကြည်မှု
(၃) သစ္စာရှိမှု
(၄) ပွင့်လင်းမြင်သာမှု

တာဝန်ယူမှု၊ တာဝန်ခံမှု ပြန့်ပွားထွန်းကားလျှင် လူ့အဖွဲ့အစည်းအတွင်း လုပ်ငန်းခွင်များတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင်မြင်စေသည်။ တာဝန်ခံနိုင်သော အရည်အချင်း အရင်းခံသဘောမှာ များများစားစား မရှိလှပေ။ ဓမ္မဘေရီတောင်စွန်းဆရာတော်အရှင်ဝီရိယ ဟောကြားတော်မူသော အချက်သုံးချက် ပြည့်စုံသော် လုံလောက်ပါ၏ -

"ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။
အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။
လေးစားထိုက်သူဖြစ်အောင် စင်ကြယ်ရမယ်"

**နိဂုံး**

နေရာပေါင်းများစွာ၊ အခြေအနေပေါင်းများစွာ၊ အချိန်ပေး၍ ရှာဖွေစုဆောင်းလေ့လာရမည့် မသိမဖြစ် ဗဟုသုတအကြောင်းအရာကို လက်လှမ်းမီသမျှ ဤနေရာမှ မျှဝေလိုက်ပါသည်။ လက်တွေ့လှုပ်ရှားနေကြရသော ပုဂ္ဂိုလ်များအတွက် လက်တွေ့အထောက်အကူရ၍ အသုံးကျမည်ဟု ယုံကြည်မိပါသည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းအားလုံးသိကြစေလိုပါ၏။ ။

**တာဝန်ယူမှု၊ တာဝန်ခံမှု ပြန့်ပွားထွန်းကားလျှင် လူ့အဖွဲ့အစည်းအတွင်း လုပ်ငန်းခွင်များတွင် အစစအရာရာ အဆင်ပြေချောမွေ့အောင်မြင်စေသည်။ တာဝန်ခံနိုင်သော အရည်အချင်း အရင်းခံသဘောမှာ များများစားစား မရှိလှပေ။ ဓမ္မဘေရီတောင်စွန်းဆရာတော်အရှင်ဝီရိယ ဟောကြားတော်မူသော အချက်သုံးချက် ပြည့်စုံသော် လုံလောက်ပါ၏ -**

**"ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားရမယ်။
အားကိုးထိုက်သူဖြစ်အောင် ကြိုးစားရမယ်။
လေးစားထိုက်သူဖြစ်အောင် စင်ကြယ်ရမယ်"**

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးအရေးကြီးလျက်ရှိ

**နေပြည်တော် မေ ၁၉**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၁)ကို ယနေ့နံနက် ၁၀ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ကျင်းပသည်။



**တာဝန်ခံမှုရှိရန် လိုအပ်**

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများ တိုးတက် ဖြစ်ထွန်းစေရန်နှင့် အမျိုးသား ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ အနေဖြင့်လည်း အရည်အသွေးပြည့် ဝန်ဆောင်မှုပေးရန်နှင့် တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် အကန့်အသတ်ရှိသော မိမိတို့နိုင်ငံတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများမှာ နိုင်ငံ့ဝန်ထမ်းကျန်းမာရေးဝန်ထမ်းများ အများစုပါဝင်နေပါကြောင်း၊ ယခုအခါ ပြည်သူ့ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း နိုင်ငံ့ဝန်ထမ်း ကျန်းမာရေးဝန်ထမ်းများနည်းတူ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးအုပ်စုအဖြစ် ထိုးနှံပေးရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းအချို့သာ ထိုးနှံခဲ့ရပြီး အခြားပုဂ္ဂလိက ဝန်ထမ်းများဖြစ်သည့် ဟိုတယ်များ၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ပုဂ္ဂလိကဘဏ်များတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို ထိုးနှံပေးခဲ့ပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတွင် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ လာရောက်တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်ညွှန်ကြားထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် လိုပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်အနေဖြင့်လည်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ဆက်လက်၍ ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင်လျှောက်ထားလာမှု၊ ကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ကွင်းဆင်းစစ်ဆေးမည့်ကိစ္စ၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် (ပိတ်သိမ်း) မှုများကို အတည်ပြုမှတ်တမ်းတင်ခြင်းကိစ္စတို့အား ရှင်းလင်းတင်ပြပြီး ဗဟိုအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ် ကျွန်းတပင်ဓာတ်အားခွဲရုံရှိ ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေထရန်စဖော်မာကို (၁၀)အမ်ဗွီအေထရန်စဖော်မာသို့ ဝန်အားတိုးမြှင့်

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ (၅) အမ်ဗွီအေ ထရန်စဖော်မာကို (၁၀)အမ်ဗွီအေ ထရန်စဖော်မာသို့ ဝန်အားတိုးမြှင့်ခြင်းလုပ်ငန်းကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာ၊ ဒုတိယခရိုင်မန်နေဂျာ၊ မြို့နယ်လျှပ်စစ်မန်နေဂျာတို့က ဦးဆောင်၍ လျှပ်စစ်လိုင်းဝန်ထမ်းများက ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




**ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်**

ထိုကဲ့သို့ လဲလှယ်တပ်ဆင်ခြင်းကြောင့် ပြင်ဦးလွင်မြို့နယ် ဝက်ဝံ၊ ဈေးကုန်း၊ မြိုင်ကြီး၊ ပိတ်ချင်းမြှောင်၊ ပင်တီး၊ ပါအယ်၊ မှိုင်းလုံးကျေးရွာများနှင့် နောင်ချိုမြို့နယ်အတွင်း ကျေးရွာအချို့ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့

○ ချစ်တဲ့သူငယ်လေး။
အဓိက အခရာကျတဲ့
မိဘ ဆရာဆရာမတို့ရေ။

○ မိုးမြင့်တည်စံ၊ အလံတော်လွှင့်
ဝင့်ထည်ပေ့တောင်း၊ စာသင်ကျောင်းက
ခေါင်းလောင်းသံချိုလွင်၊
ကျောင်းနှင့်ဝန်းကျင်၊ အလှဆင်လို့
ပျော်ရွှင်စရာ ကောင်းလှတယ်။

○ အဖော်အပေါင်းတွေနဲ့၊ ပျော်စရာကောင်းတဲ့
ကျောင်းတော်သို့ဝင်၊ပညာသင်မယ့်
ပျိုလွင်နုထွား၊ ရင်သွေးများကို
ငါးတန်ဗလ၊
ပညာပြည့်ဝ၊ နှလုံးလှအောင်
ဘဝလမ်းကြောင်း၊ မတိမ်းစောင်းအောင်
ထိန်းကျောင်းပေးရာ၊ ကျောင်းတော်သာသို့
ပညာသင်ဖို့၊အပ်နှံပို့ပြီ
ပျော်လို့ရွှင်လို့ ကြည်နူးဖွယ်။

○ ရတနာမြတ်အလား၊ အနာဂတ်အား၊
ကျောင်းနေအရွယ်၊ မောင်မယ်များကို
သင်ကြားလေ့ကျင့်၊
ပညာပန်းတွေ၊ ဖူးဝေပွင့်ဖို့
ပွင့်တဲ့ပန်းတွေ၊ မွှေးလန်းနေဖို့
စေတနာကြီးမား၊
တို့ဆရာ၊ ဆရာမများက
သားတို့သမီးတို့၊ စာသင်ဖို့ကို
ပြင်လို့ဆင်လို့ ကြိုနေပြီ။

○ အလိုလေ့အိုင်၊
ကျောင်းထွက်သူမရှိ
ကျောင်းတက်သူပြည့်ဖို့
မိဘပြည်သူ၊ ဝိုင်းဝန်းကူလို့
ပြိုင်တူအားနှင့်၊ ကျောင်းတွေဖွင့်ပြီ
အခွင့်သာတဲ့၊ အခါကောင်းမို့
ကျောင်းနေအရွယ်၊ မောင်မယ်အပေါင်းကို
ကျောင်းတော်သို့ပို့၊ အပ်နှံစို့လေး။ ။

(အိုင်ချင်း)
ရေနံ့သာမောင်ကျော်ညွန့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်းလမ်းညွှန်(မူကြမ်း)နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်းလမ်းညွှန်(မူကြမ်း)နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းကျောင်းအသီးသီးမှ တာဝန်ခံများ၊ ကျောင်းအုပ်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း နည်းလမ်းများနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ "သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ"ကို ပြင်ဆင်ဖွဲ့စည်းပြီး သက်ဆိုင်ရာသင်တန်းကျောင်းများအလိုက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစိစစ်ရေးကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအစည်းအဝေး ကျင်းပနိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်(မူကြမ်း)ကို ပြင်ဆင်ရေးသားခဲ့ပြီး သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးက ကျောင်းအုပ်များနှင့် သုံးသပ်ညှိနှိုင်းအစည်းအဝေးဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ရှေးရှု၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်းလမ်းညွှန်(မူကြမ်း)နှင့်စပ်လျဉ်း၍ ကလေးသူငယ်များ၏ အသက်အရွယ်၊ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းအရင်း၊ ကလေးသူငယ်နေထိုင်သည့် ပတ်ဝန်းကျင်အခြေအနေ၊ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း စည်းကမ်းလိုက်နာခြင်း ရှိ/မရှိ၊ သက်မွေးပညာသင်တန်းများတက်ရောက်မှု စသည့်အခြေအနေများကို စိစစ်အကဲဖြတ်ရမည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းများတွင် စောင့်ရှောက်ထားရှိသော ကလေးသူငယ်ဦးရေအပေါ်မူတည်၍ ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် အဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုပါကြောင်း၊ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုသင်တန်းများလည်း ဖွင့်လှစ်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များက ကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေ၊ သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် စောင့်ရှောက်ထားရှိသော ကလေးသူငယ်များနှင့် ကော်မတီသို့တင်ပြလာသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များအား စိစစ်ထားရှိမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး သင်တန်းကျောင်းများမှ တက်ရောက်လာသော တာဝန်ခံများ၊ ကျောင်းအုပ်များက အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစိစစ်ရေးလုပ်ငန်းလမ်းညွှန်(မူကြမ်း) အပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး သင်တန်းကျောင်းများ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စုပေါင်းပိုင် အဆောက်အအုံတည်ထောင်သူများနှင့် နေထိုင်သူပြည်သူများအတွက် အကျိုးရှိစေရေး ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၁/၂၀၂၁)ကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်သည့်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂)ဖြစ်သည့် ရန်ကုန်မြို့တော်ဝန်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားကြောင်း၊ ဤကော်မတီသည် စုပေါင်းပိုင် အဆောက်အအုံတည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ အိမ်ခန်းများမှတ်ပုံတင်ခြင်းနှင့် စုပေါင်းပိုင် အဆောက်အအုံအသင်းဖွဲ့စည်းခြင်း လုပ်ငန်းစဉ်(၄)ရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြမှသာ စုပေါင်းပိုင်အဆောက်အအုံ Developer များ၊ နေထိုင်သူ ပြည်သူများ အတွက်ပါ အဆင်ပြေအကျိုးရှိမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဖြေရှင်းရမည့် အမှုတွဲများနှင့်ပတ်သက်ပြီး ယခုအစည်းအဝေးတွင် ပွင့်လင်းစွာ ဆွေးနွေးတိုင်ပင် အကြံပြုစေလိုကြောင်း" ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်က စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းထားမှု၊ ကော်မတီဖွဲ့စည်းဆောင်ရွက်မှုများ၊ တည်ဆောက်ဆဲစီမံကိန်းများနှင့် တည်ဆောက်ပြီး စီမံကိန်းများကို စီမံကိန်းခွင့်ပြုမိန့်ထုတ်ပေးမှု၊ အိမ်ခန်းမှတ်ပုံတင် ထုတ်ပေးမှု၊ စုပေါင်းပိုင် အဆောက်အအုံအသင်းဖွဲ့စည်းမှုအတွက် ဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ယခုအစည်းအဝေးတွင် ဆွေးနွေးရမည့် လုပ်ငန်းလိုင်စင်လျှောက်လွှာများအား စိစစ်ရွေးချယ်ပေးရန်ကိစ္စ၊ ဆောင်ရွက်ဆဲလုပ်ငန်းတစ်ခု၏ မှတ်ပုံတင်ခွင့်ပြုရန်ကိစ္စ၊ မှတ်ပုံတင်လက်မှတ်ပုံနှိပ်ခြင်းနှင့် လုပ်ငန်းတင်ဒါခေါ်ယူပြီးစီးမှု၊ အိမ်ခန်းမှတ်ပုံတင်လက်မှတ်တန်ဖိုးသတ်မှတ်ရန် ကိစ္စတို့ကိုတင်ပြရာ မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဘာလီကျွန်း၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိ

**ရန်ကုန် မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားအပန်းဖြေစခန်းများ တည်ရှိရာဒေသများ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ လာမည့်လအနည်းငယ်ကာလမှအစပြု၍ ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေနိုင်သောနေရာများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Prof. Dr. Iza Fadri က မေ ၁၄ ရက်က မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။



### ပြောကြားခဲ့

ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အင်ဒိုနီးရှားသံရုံးတွင် မေ ၁၄ ရက်က ပြုလုပ်သော အင်ဒိုနီးရှားခရီးသွားလုပ်ငန်းမြှင့်တင်ရေးအခမ်းအနားတွင် သံအမတ်ကြီး Dr. Iza Fadri က နဂိုမူလအခြေအနေအသစ် (New Normal)ကာလ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပြန်လည်ဖွင့်လှစ်ပေးရန် ဆောင်ရွက်လျက်ရှိမှု၊ ဘာလီကျွန်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပြန်လည်လာရောက်လည်ပတ်နိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ရေးအစီအမံများကို အကောင်အထည်ဖော်ခဲ့ပြီး သန့်ရှင်းမှု(Cleanliness)၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု (Hygiene)နှင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှု(Safety) ဟူသော အခြေခံမူများကို အတိအကျလိုက်နာစေလျက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ကျွန်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး သာယာလှပသော အင်ဒိုနီးရှားနိုင်ငံသည် ဘာလီ၊ ဘင်တန်နှင့် ဘာတမ်စသည့် အပန်းဖြေစခန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည့်လုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းလုလင်

## မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ ပြန်လည်ဖော်ပြသွားမည်

ကြေးမုံသတင်းစာတွင် ရပ်နားထားခဲ့ရသည့် မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါသည်။

မျိုးဆက်သစ်ရင်ပြင်ကဏ္ဍတွင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင်သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **စာတည်းအဖွဲ့**

# မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ပထမဆုံးရောက်ရှိလာသော ဆောင်းခိုငှက်တစ်မျိုးကို မှတ်တမ်းတင်ထား

**ရန်ကုန် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး၏ ခရီးသွားကဏ္ဍနှင့် အပန်းဖြေလေ့လာရေးခရီးကို ဖော်ဆောင်ပေးလျက်ရှိသော မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ပြည်တွင်းခရီးသွားများ လာရောက်လေ့လာအပန်းဖြေလျက်ရှိပြီး ဆောင်းခိုငှက်နှင့် ဌာနေရေပျော်ငှက်တို့ ကျက်စားနေထိုင်လျက်ရှိရာ ဧပြီလက ပထမဆုံးအကြိမ်ရောက်ရှိလာသော ဆောင်းခိုငှက် Shear-water (ယာပုံ)ကို ဘေးမဲ့တောမှ အခြားငှက်မျိုးစိတ်များနည်းတူ မှတ်တမ်းတင်ထားကြောင်း သိရသည်။



### ကျက်စားနေထိုင်

ဧရာဝတီလင်းပိုင်ကဲ့သို့ မြန်မာ့မျိုးရင်းရှားပါးရေသတ္တဝါတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့်နည်းတူ ဒေသမျိုးရင်းငှက်များနှင့် မြန်မာပြည်သို့ ရောက်ရှိလာသော ဆောင်းခိုငှက်တို့ကို သက်ဆိုင်ရာဌာနတို့မှ လူမှုရေးအသင်းဖွဲ့များနှင့် ပူးပေါင်းကာကွယ်လျက်ရှိရာ စတုရန်းမိုင် ၄၀ ကျယ်ဝန်းသော မိုးယွန်းကြီးအင်းအတွင်း ဌာနေရေပျော်ငှက်နှင့် ဆောင်းခိုငှက်တို့ ကျက်စားနေထိုင်လျက်ရှိသည်။

### ကာကွယ်စောင့်ရှောက်

"ပြီးခဲ့တဲ့ဧပြီလက ဆောင်းခိုငှက်ဖြစ်တဲ့ Shearwater တစ်ကောင်တွေ့ရှိရတဲ့အတွက် မှတ်တမ်းတင်ထားပါတယ်။ မျိုးစိတ်ကရှိပြီးသားဆိုပေမယ့် မိုးယွန်းကြီးအင်းကို ပထမဆုံးရောက်ရှိတာဖြစ်လို့ မှတ်တမ်းအသစ်တင်ထားတာပါ။ ဒီအင်းမှာ ဌာနေရေပျော်ငှက်မျိုးစိတ်နဲ့ အခြားဒေသကရောက်ရှိလာတဲ့ ဆောင်းခိုငှက်တွေကို ကာကွယ်စောင့်ရှောက်ထားပါတယ်" ဟု မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောသည်။

### မှတ်တမ်းတင်ထား

အခြေခံခရီးသွားလုပ်ငန်းများမှ နိုင်ငံအတွက်အခွန်ငွေရရှိသောကြောင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံတိုင်းက ထိန်းသိမ်းကာကွယ်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း တောရိုင်းတိရစ္ဆာန်၊ ငှက်မျိုးစိတ်၊ အပင်၊ ရုက္ခနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မိုးယွန်းကြီးအင်းဘေးမဲ့တော၌ ဆောင်းခိုငှက်မျိုးစိတ် ၄၀ ကျော်နှင့် ဌာနေရေပျော်ငှက် ၁၃၀ ခန့် ကျက်စားလျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ငှက်မျိုးစိတ်ပေါင်း ၁၇၂ မျိုးကျက်စားလျက်ရှိပြီး ယခုနှစ်ဧပြီလက မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ပထမဆုံးရောက်ရှိလာသော Shearwater ဆောင်းခိုငှက်မျိုးစိတ်ကို မှတ်တမ်းတင်ထားကြောင်း သိရသည်။

သတင်း - ညိမ်းသူ၊ ဓာတ်ပုံ - ကန္ဒး

❖ **ကျောဖုံးမှ**

"သဘာဝငါး ရှားပါးလာတဲ့အတွက် ကကူရံငါးနဲ့ ငါးပုပ်ခြောက်ငါးကို ပြည်ပက တင်သွင်းနိုင်ရင်အဆင်ပြေမယ်။ ကကူရံငါးက ငါးစည်ဖောင်းလည်းရတယ်။ လုပ်ငန်းရှင်တွေလည်း ရေရှည်ရပ်တည်နိုင်မယ်။ ထိုင်းနိုင်ငံကတစ်ဆင့်ခံပြီး တင်သွင်းနေပေမယ့် နိုင်ငံတော်က အခွန်မရဘူး။ တရားဝင် ပြည်ပက တင်သွင်းဖို့လိုမယ်။ ငါးပုပ်ခြောက်နဲ့ ငါးစည်ဖောင်းကို ပြည်ပကိုတင်ပို့နေတာကြာပြီ။ ဈေးကွက်မှာ အပြိုင်အဆိုင်ဝယ်နေကြတာ။ အဲဒီအတွက် ကုန်ကြမ်းဝင်ရင် အခွန်ရသလို ကုန်ချောတင်ပို့ရင်လည်း အခွန်ရမယ်ဆိုတော့ အခွန်နှစ်မျိုးရတယ်။ ကျွန်တော်တို့လည်းမြတ်လို့လုပ်ကြတာ။ တရားဝင် တင်သွင်းခွင့်ပြုဖို့ပဲလိုတာ။ ၂၀၁၇ ခုနှစ်ထိ အဆင်ပြေတယ်။ နောက်ပိုင်းကုန်ပစ္စည်းရှားပါးပြီး ကုန်ချောအခက်အခဲရှိလာတယ်။ ကုန်ကြမ်းလှိုင်လှိုင်ရဖို့ပဲလိုတယ်" ဟု မြန်မာနိုင်ငံ ငါးပိငါးခြောက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က ပြောသည်။

ဈေးကွက်ဝင် ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းကို မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့က အများဆုံးဝယ်ယူလျက်ရှိပြီး ငါးစည်ဖောင်းကိုတရုတ်နိုင်ငံက အများဆုံးဝယ်ယူကာ လွန်ခဲ့သော ၁၀ နှစ်ကျော်က ငါးပုပ်ခြောက်နှင့်ငါးစည်ဖောင်းကို ပြည်ပသို့တင်ပို့ရာတွင် ရေလုပ်သားနှင့် လုပ်ငန်းရှင်တို့ အဆင်ပြေခဲ့သည်။ သဘာဝရေပြင်တွင် ရေသယံဇာတရှားပါးလာချိန်၌ ငါးပုပ်ခြောက်နှင့် ကကူရံငါးကို ပြည်ပမှတင်သွင်း၍ ငါးပုပ်ခြောက်ငါးမှ ငါးစည်ဖောင်းထုတ်ကာ တန်ဖိုးမြှင့်ထုတ်ကုန်ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ပြီး ထိုလုပ်ငန်းရပ်နားခဲ့သည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ရာ အခိုင်အမာဈေးကွက်ရရှိထားသော ထိုလုပ်ငန်းပြန်လည်ဦးမော့ရန် စီးပွားရေးလုပ်ငန်းရှင်တို့လိုလားလျက်ရှိသည်။

### နိုင်ငံအတွက်နှစ်စဉ်အခွန်ငွေရရှိ

ပြည်ပ ဝယ်လိုအားကောင်းသော ငါးပုပ်ခြောက်နှင့်ငါးစည်ဖောင်းကို ကုန်ကြမ်းအဖြစ် ထိုင်းနိုင်ငံမှတစ်ဆင့်ခံ တင်သွင်းခြင်းထက် ပြည်ပမှ တရားဝင် တင်သွင်းမှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိမည့်အပြင် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် အခြားရေထွက်ကုန်ပစ္စည်းများလည်း တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုကာလတွင် ပြည်တွင်းငါးပိငါးခြောက်ဈေးနှုန်းသိသာစွာ လှုပ်ရှားမှုမရှိဘဲ ဒေါ်လာဖြင့် ဝယ်ယူသော ကုန်ပစ္စည်းများ ဈေးကစားလျက်ရှိရာ အခြေခံပြည်သူအများစု စားသောက်ကုန်ဖြစ်သော ငါးပိ၊ငါးခြောက် ပြည်တွင်းဈေးကွက် တည်ငြိမ်လျက်ရှိသည်။ ကုန်ကြမ်းအပြည့်အဝလိုအပ်ချက်ကြောင့် ဈေးကွက်ဝင်ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းတင်ပို့မှုကျဆင်းခဲ့ပြီး ဝယ်လိုအားနှင့် ရောင်းလိုအားအသင့်ရှိနေသော လုပ်ငန်းဖြစ်သောကြောင့် ပြည်ပမှ ကုန်ကြမ်းတင်သွင်းခွင့်ရရှိပါက တန်ဖိုးမြှင့် ရေထွက်ကုန်ထုတ်လုပ်မှုမှ နိုင်ငံတော်အတွက် နှစ်စဉ်အခွန်ငွေ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

သတင်း - ညိမ်းသူ၊ ဓာတ်ပုံ - ကန္ဒး

# ပန်းတနော်မြို့နယ် ပန်းရောစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ သင်ဖြူးဖျာများ ထုတ်လုပ်ရောင်းချ

**ပန်းတနော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကဇင်ငူကျေးရွာအုပ်စုရှိ ပန်းရောစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်သည် ကုန်ကြမ်းသင်မများ ဝယ်ယူရောင်းချခြင်းနှင့် ကုန်ချောသင်ဖြူးဖျာများ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ဖျာများထုတ်လုပ်ရာတွင် လိုအပ်သောကုန်ကြမ်းကို ပန်းတနော်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၄ အုပ်စု၏ သင်ခြံစိုက်ဧက ၁၀၅၂၆ မှထွက်ရှိသည့် ကုန်ကြမ်းသင်မအစိုများနှင့် ကုန်ကြမ်းသင်ခြောက်များကို သိုလှောင်သူများထံမှဝယ်ယူ၍ ကုန်ချောသင်ဖျာလေးမျိုးထုတ်လုပ်ရောင်းချလျက်ရှိရာ တစ်လလျှင် ထုတ်လုပ်မှုတန်ဖိုး ၉၈ ဒသမ ၈ သိန်းနှင့် ပျမ်းမျှရောင်းချနိုင်မှုတန်ဖိုးမှာ ၈၁ ဒသမ ၃၁ သိန်းရှိကြောင်း သိရသည်။ တစ်နှစ်အတွင်း ရရှိသည့် အမြတ်ငွေများမှ အသင်းသားသာရေး/နာရေးကိစ္စများနှင့် အသင်းသားများ၏ သားသမီးများအတွက် ပညာသင်စရိတ်များထောက်ပံ့ပေးလျက်ရှိသည်။

အဆိုပါအသင်းအနေဖြင့် ထွက်ရှိသည့်ကုန်ချောပစ္စည်းများကို ပစ္စည်းအရည်အသွေးကောင်းမွန်စေရန် အဓိကထားဆောင်ရွက်ပြီး ပြင်ပဈေးကွက်နှင့်အပြိုင်ရောင်းချနိုင်ကြောင်းနှင့် အရည်အသွေးမြင့်မားသည့် ကုန်ကြမ်းပင်များကို စိုက်ပျိုး၍ သဘာဝဆိုးဆေးများဖြင့် ရက်လုပ်ပြီး ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြင်ပအိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်း

ဆရာကြီး ဦးသန်းကြွယ်၏ ရွှေသွေးတစ်ခေတ် ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။ စာတည်း





# နေရောင်ခြည်စွမ်းအင်ဖြင့် ဆိုလာလျှပ်စစ်ထုတ်ယူခြင်း

**ဒေါက်တာသန့်စင် (ရူပဗေဒ)**

နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး ဆိုလာ(Solar) ဖြင့် လျှပ်စစ်ဓာတ်ထုတ်ကာ နေအိမ်များ၊ လမ်းများကို မီးထွန်းခြင်း၊ လယ်ယာခြံမြေများကို ရေမော်တာများဖြင့် ရေပေးဝေခြင်း၊ မြစ်ရေတင်စီမံကိန်းဖြင့် လယ်ယာစိုက်ပျိုးခြင်း စသည်တို့ကို နိုင်ငံတိုင်းတွင် အသုံးပြုလာနေကြပြီ ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအင်ကို အဓိကအားဖြင့် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့အပြင် နျူကလီးယားစွမ်းအင်ကို အသုံးပြု၍ ထုတ်လုပ်ကြပါသည်။ ယခုအခါ တွင်းထွက်လောင်စာပစ္စည်းများ ကုန်ခန်းလာခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းလာခြင်း၊ သဘာဝအရင်းအမြစ်များ ဆုံးရှုံးလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ ဖြစ်ပေါ်လာစေခြင်း စသည့်အချက်များကြောင့် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) များဖြစ်သော နေစွမ်းအင်၊ လေစွမ်းအင် စသည်တို့ဖြင့် လျှပ်စစ်ထုတ်လုပ်ရန် နိုင်ငံအားလုံး ကြိုးပမ်းလာနေကြပါသည်။

နေသည် ပြင်းထန်စွာ လောင်ကျွမ်းနေသော အဖွဲ့အစည်းကြီးဖြစ်ပါသည်။ ၎င်းတွင် ပါဝင်သော ပရိုတွန်အချင်းချင်း ဓာတ်ပြုကာ နျူကလီးယားပေါင်းစည်းခြင်းဖြင့် ဟိုက်ဒရိုဂျင်များမှ ဟီလီယံသို့ ပြောင်းကာ ပေါက်ကွဲဓာတ်ပြုနေသော အဖွဲ့အစည်းဖြစ်ပါသည်။ ထို့ကြောင့် နေမျက်နှာပြင်၏ ပျမ်းမျှအပူချိန်သည် ၅၇၇၈ ကယ်လ်ဗင် (Kalvin) ခန့်ရှိပါသည်။ (စင်တီဂရိတ်အပူချိန်ကို ၂၇၃ ဒီဂရီ ပေါင်းပါက ကယ်လ်ဗင်အပူချိန် ရပါသည်။) နေ၏သက်တမ်းသည် နှစ်ပေါင်း ၄ ဒသမ ၆၀၃ ဘီလီယံခန့်ရှိပြီး ကမ္ဘာနှင့် မိုင်ပေါင်း ၉၃ သန်းခန့် ကွာဝေးပါသည်။

နေမှ ကမ္ဘာပေါ်သို့ကျရောက်သည့် အလင်းရောင်တွင် လူသားများအတွက် တန်ဖိုးရှိသော ဖိုတွန် (Photon ) မှုန်များ ပါဝင်သည်။ ၎င်းဖိုတွန်မှုန်များကို သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း (Einstein)က စတင်လေ့လာခဲ့ပါသည်။ ထိုဖိုတွန်အမှုန်များကို လူသားများ တီထွင်ထားသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်း (Semiconductor) များပေါ် ကျရောက်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ထုတ်ယူရရှိစေပါသည်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကို



အကြမ်းအားဖြင့် မိုနိုခရစ်စတယ်လိုင်း ဆိုလာပြား (Mono Crystalline)၊ ပိုလီခရစ်စတယ်လိုင်း ဆိုလာပြား (Poly Crystalline) နှင့် အမော့ဖော့ရပ် (သို့) သေးငယ်ပါးလွှာသော ဖလင်ပြား (Amorphous or thin film solar penels) ဟူ၍ အမျိုးအစား ခွဲခြားနိုင်ပါသည်။ ယခုအခါ ထိုထက်နည်းပညာပိုမိုကောင်းမွန်ပြီး သက်တမ်းကြာရှည်ခံကာ စွမ်းရည်မြင့်ဆိုလာပြားများကို သုတေသနပြု ထုတ်လုပ်လာနေကြပါသည်။

အသုံးပြုမည့် ဆိုလာပြားများကို ဧရိယာအနည်းငယ်သာရှိသောနေရာတွင် အသုံးပြုလိုပါက မိုနိုဆိုလာပြားများကို အသုံးပြုခြင်းက ပိုမိုသင့်လျော်ပါသည်။ ၎င်းဆိုလာပြားများသည် လျှပ်စစ်ဓာတ်ထုတ်ယူမှုစွမ်းဆောင်ရည် (Efficiency) ပိုမိုကောင်းမွန်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ဈေးနှုန်းမြင့်မားသောကြောင့် အသုံးပြုမှုနည်းကြပါသည်။

ပိုလီခရစ်စတယ်လိုင်း ဆိုလာပြားများသည် လျှပ်စစ်ထုတ်စွမ်းဆောင်ရည် အနည်းငယ်လျော့နည်းသော်လည်း ချပ်ရေများစွာ အသုံးပြုပါက ကောင်းမွန်သော လျှပ်စစ်ပမာဏကို ရနိုင်ပါသည်။ ထို့ကြောင့် ဆိုလာပြားများတပ်ဆင်ရန် နေရာများစွာလိုအပ်ပါသည်။ ဈေးနှုန်းလည်းချိုသောကြောင့် လူအများ အသုံးပြုကြပါသည်။ ယခုအခါ ဆိုလာပြားများ သက်တမ်းသည် ၁၅ နှစ်မှ နှစ် ၂၀ ခန့်အထိ အသုံးပြုလာနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လူသုံးများသော ဆိုလာပြားများမှာ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်နိုင်ငံထုတ် ဆိုလာပြားများဖြစ်ပြီး ဝပ် ၄၀ (watts) မှ ဝပ် ၂၅၀ အထိ အသုံးပြုနေကြပါသည်။ ဝပ် ၂၅၀ ဆိုလာပြား တစ်ချပ်ဈေးနှုန်းမှာ တစ်သိန်း သုံးသောင်းကျပ် ဝန်းကျင်ခန့်ရှိပါသည်။ ဝပ် ၄၀ ဆိုလာပြားတစ်ချပ်သည် လေးသောင်းကျပ် ဝန်းကျင်ခန့်ရှိပါသည်။ ထုတ်လုပ်သည့် နိုင်ငံအလိုက် ဈေးနှုန်းကွာခြားမှုရှိပါသည်။

ဆိုလာဖြင့် လျှပ်စစ်မီးပေးရာတွင် ဆိုလာကိုသာ သီးသန့်အသုံးပြုခြင်းနှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားနှင့် ဆိုလာလျှပ်စစ်ကို မျှ၍သုံးခြင်းတို့ ရှိပါသည်။ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား မရောက်သည့်နေရာများတွင် အိမ်သုံးဆိုလာမီးဖြင့် အသုံးပြုနိုင်ပါသည်။ ထိုသို့အသုံးပြုရာတွင် ဆိုလာပြား၊ ဘက်ထရီ၊ လျှပ်စစ်ထိန်းကိရိယာ၊ အင်ဗာတာတို့ လိုအပ်ပါသည်။ အသုံးပြုသည့် ဆိုလာပြားပေါ် မူတည်၍ 12 V နှင့် 24 V (ဗို့) ဘက်ထရီကို ဝယ်ယူရပါမည်။ ဘက်ထရီတွင် ပါဝင်သည့် AH (Ampere hours ) ပေါ် မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိပါသည်။ အမ်ပီယာနာရီ (AH ) ၁၂၀ ရှိပါက၊ ၄ အမ်ပီယာ အသုံးပြုပါက နာရီ ၃၀ ခန့် အသုံးပြုနိုင်ပါသည်။ သို့ရာတွင် ဘက်ထရီတွင် သိုလှောင်ထားသော လျှပ်စစ်စွမ်းအင်ကို အကုန်အသုံးမပြုရပါ။ ၅၀ ရာခိုင်နှုန်းခန့် ချန်ထားသင့်ပါသည်။

ဆိုလာပြားများကို အသုံးပြုရာတွင် ဘက်ထရီ၏ အဖိုနှင့်အမ မှားယွင်းစွာ ချိတ်မိပါက ပျက်စီးနိုင်သောကြောင့်လည်းကောင်း၊ ဘက်ထရီလက်ကျန် လျှပ်စစ်ကို ထိန်းသိမ်းပေးရန်နှင့် လိုအပ်သည်ထက် ပိုမိုစွာ အားသွင်းမှုမဖြစ်စေရန်အတွက် လည်းကောင်း Charge Controller ဟု ခေါ်သည့် လျှပ်စစ်ထိန်းချုပ်သည့် ပစ္စည်းလေးတစ်ခုကို ကြားခံအသုံးပြုသင့်ပါသည်။ ဈေးနှုန်းမကြီးပါ။ ထိုပစ္စည်းကို အသုံးပြုခြင်းဖြင့် ဘက်ထရီများ အပူမြင့်တက်ခြင်း၊ ပေါက်ကွဲခြင်း၊ မီးလောင်ခြင်း စသည်တို့ကို ကာကွယ်နိုင်ပါသည်။

ဆိုလာပြားမှ ထွက်လာသော လျှပ်စစ်သည် ဒီစီလျှပ်စီးကြောင်း (Direct Current) ဖြစ်သောကြောင့် ဘက်ထရီကို အားသွင်းနိုင်ခြင်းဖြစ်ပါသည်။ အိမ်များတွင် အသုံးပြုသော လျှပ်စစ်မီးများသည် ပြန်လှန်လျှပ်စီးကြောင်း (A.C Alternat Current) ဖြစ်သောကြောင့် DC မှ AC ပြောင်းပေးနိုင်သော အင်ဗာတာကို အသုံးပြုနိုင်ပါသည်။ အင်ဗာတာကို ဝယ်ယူရာတွင် မိမိအသုံးပြုမည့် စုစုပေါင်းကီလိုဝပ်ကိုသာနိုင်သည့် အင်ဗာတာကို ဝယ်ယူနိုင်ပါသည်။ သတိပြုရန်မှာ 2 KW ( 2 Kilo watts ) အင်ဗာတာကို ဝယ်ယူအသုံးပြုတိုင်း 2 KW ထုတ်မပေးနိုင်ပါ။ ၎င်းအင်ဗာတာကို လျှပ်စစ်အားပေးသည့် ဆိုလာပြား၏ ဝပ်အားအပေါ် အဓိက မူတည်ပါသည်။ pure sine wave inverter များသည် အသုံးပြုရန် ပိုမိုကောင်းမွန်ပါသည်။

ယခုအခါ ဆိုလာပြားဖြင့် လျှပ်စစ်မီးထွန်းရန် အသုံးပြုသူများ လွယ်ကူစွာ အသုံးပြုနိုင်ရန် အင်ဗာတာနှင့် လျှပ်စစ်ထိန်းကိရိယာအပြင်၊ ဆိုလာပြားနှင့် ဘက်ထရီအိုး၊ လျှပ်စစ်မီးသီးများကို လွယ်ကူစွာ ချိတ်ဆက်အသုံးပြုနိုင်သော ခလုတ်များ တစ်ပေါင်းတည်းပါသည့် အင်ဗာတာများကို အသုံးပြုနေကြပြီ ဖြစ်ပါသည်။ နည်းပညာတိုးတက်မှုနှင့်အတူ လွယ်ကူစွာနှင့် ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် ထုတ်လုပ်လာကြပြီ ဖြစ်ပါသည်။

ဆိုလာလျှပ်စစ်ဖြင့် အိမ်သုံးမော်တာများတွင် ရေတင်ခြင်း၊ လယ်ယာများ ရေပေးဝေခြင်း၊ မြစ်ရေတင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် ဆိုလာပြားများစွာ (solar field) နှင့် ဘက်ထရီအိုးများကို ချိတ်ဆက်အသုံးပြုရပါမည်။ ၎င်းကို Battery Bank ဟု ခေါ်ပါသည်။ အသုံးပြုမည့် မော်တာ၏ မြင်းကောင်ရေအားပေါ်မူတည်၍ ကုန်ကျစရိတ် တွက်ချက်နိုင်ပါသည်။

ဆိုလာဖြင့် လျှပ်စစ်ထုတ်လုပ်ရာတွင် အားသာချက်၊ အားနည်းချက်များ ရှိပါသည်။ အားသာချက်များမှာ အလွယ်တကူတပ်ဆင်၍ လျှပ်စစ်ရရှိနိုင်ခြင်း၊ လေထုညစ်ညမ်းမှုကို ကာကွယ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းကို ကာကွယ်ပေးနိုင်ခြင်းတို့ ဖြစ်ပါသည်။ အားနည်းချက်မှာ ပထမဦးဆုံး ဝယ်ယူရင်းနှီးရာတွင် ကုန်ကျစရိတ်များပြားခြင်း ဖြစ်ပါသည်။ နှစ်ပေါင်းများစွာ အသုံးပြုနိုင်ပါက စရိတ်ကျေသွားနိုင်ပါသည်။ ထို့ပြင် မိုးရာသီနှင့် တိမ်ထူထပ်သော နေ့များတွင် နေရောင်ကောင်းစွာမရပါက ဆိုလာပြားပေါ် နေရောင်ကျရောက်မှုနည်းသဖြင့် လျှပ်စစ်ထုတ်လုပ်မှု ကောင်းစွာမရနိုင်ပါ။ ထို့ကြောင့် ၂ ရက် (သို့) ၃ ရက်အတွက် နေရောင်ခြည်မရရှိပါက အသုံးပြုနိုင်ရန် အပိုဘက်ထရီများနှင့် သိုလှောင်ထားသင့်ပါသည်။

နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်ထုတ်ယူခြင်းအပြင် စပါးနှင့် အသီးအနှံ အခြောက်ခံရုံ၊ နေရောင်ခြည်သုံးမီးဖို၊ နေရောင်ခြည်လမ်းကြောင်းရှာကိရိယာ စသည့် သုတေသနများအပြင် နေရောင်ခြည်သုံး ရေခဲသေတ္တာများကိုပါ စာရေးသူ တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်စဉ်က သုတေသနများစွာ ပြုလုပ်ခဲ့ပါသည်။ လွန်စွာအကျိုးရှိသော သုတေသနများဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြန်ပြည့်မြဲစွမ်းအင်ကို အဓိကထားအသုံးပြုနိုင်ရန် ကြိုးစားနေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပူပိုင်းဒေသများပြားကာ နေရောင်ခြည်အများဆုံးရရှိသည့်နိုင်ငံဖြစ်သောကြောင့် သဘာဝမှပေးသော နေရောင်ခြည်ကို ကောင်းစွာအသုံးချသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> **လျှပ်စစ်စွမ်းအင်ကို အဓိကအားဖြင့် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ဓာတ်ဆီ၊ ကျောက်မီးသွေးတို့အပြင် နျူကလီးယားစွမ်းအင်ကို အသုံးပြု၍ ထုတ်လုပ်ကြပါသည်။ ယခုအခါ တွင်းထွက်လောင်စာပစ္စည်းများ ကုန်ခန်းလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းလာခြင်း၊ သဘာဝအရင်းအမြစ်များ ဆုံးရှုံးလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ ဖြစ်ပေါ်လာစေခြင်း စသည့်အချက်များကြောင့် ပြန်ပြည့်မြဲစွမ်းအင် (Renewable Energy) များဖြစ်သော နေစွမ်းအင်၊ လေစွမ်းအင် စသည်တို့ဖြင့် လျှပ်စစ်ထုတ်လုပ်ရန် နိုင်ငံအားလုံး ကြိုးပမ်းလာနေ**

# ထိုင်းနိုင်ငံ၌ ဘုန်းတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်

**ဗန်ကောက် မေ ၁၉**

ထိုင်းနိုင်ငံ၌ ဘုန်းတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ယမန်နေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

မြို့တော်ဗန်ကောက်ရှိ ဆေးရုံတစ်ရုံ၌ ဘုန်းတော်ကြီးအပါး ၅၀၀ ခန့်အား မေ ၁၈ ရက်နှင့် ၁၉ ရက်တွင် ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ ဘုန်းတော်ကြီးများအနေဖြင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များကို လုံခြုံဘေးကင်းစွာ ဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်သည်။

ထိုင်းနိုင်ငံသည် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်မှုကို ရင်ဆိုင်နေရသည်။ ဧပြီလနှောင်းပိုင်းမှစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်နှင့် သေဆုံးသူအရေအတွက် မြင့်တက်လာခဲ့သည်။ မြို့တော်ဗန်ကောက်သည် ဗိုင်းရပ်စ်ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်လျက်ရှိပြီဖြစ်သော်လည်း လက်ရှိအချိန်အထိ ပြည်သူ ၁ ဒသမ ၅ သန်းခန့်သာ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ယင်းတို့အနက် အများစုမှာ ကျန်းမာရေးဝန်ထမ်းများဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီး နှစ်သိန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးရန် ကာကွယ်ဆေးလုံလောက်မှု မရှိသေးကြောင်း ဗန်ကောက်သံဃာ့ဆေးရုံမှ တာဝန်ရှိသူ မွန့်ချိုင် ချူနမ်နာဗီက ပြောကြားခဲ့သည်။

ထိုင်းအစိုးရက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လာမည့်လအတွင်း ပြည်တွင်း၌ စတင်ထုတ်လုပ်ရန် စီစဉ်ထားသည်။

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၆၉၄၉ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၇၈ ဦးရှိကြောင်း သိရသည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-အောင်ကျော်ကျော်



# အိန္ဒိယနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၅၅ ဦးရှိလာ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယရေတပ်သည် မေ ၁၈ ရက်က မွမ်ဘိုင်းကမ်းလွန်ပင်လယ်တွင် "တောက်တဲ" အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ပျောက်ဆုံးသွားသူများကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိရာ အလောင်း ၂၂ လောင်းကို ယနေ့ ဆယ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့် အာရေဗျပင်လယ်တွင်ဖြစ်ပွားမှုနှုန်းမြင့်မားလာသည့် မုန်တိုင်းများအနက် နောက်ဆုံးဝင်ရောက်တိုက်ခတ်သည့် မုန်တိုင်းဖြစ်သည်။

မွမ်ဘိုင်းကမ်းလွန်ပင်လယ်တွင် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သဖြင့် ၁၆ ပေခန့် မြင့်မားသော လှိုင်းလုံးကြီးက ကမ်းလွန်ရေနံမြေကို တစ်ပြိုင်တည်း ရိုက်ခတ်ခဲ့ပြီး လူ ၆၀၀ ကျော်ကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ကြောင်း အိန္ဒိယရေတပ်က ယနေ့ ပြောကြားသည်။

သို့သော် သင်္ဘောနစ်မြုပ်မှုကြောင့် ပျောက်ဆုံးသူများ၏ အလောင်း ၂၂ လောင်းကိုသာ ယနေ့ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါမုန်တိုင်းကြောင့် သေဆုံးသူပေါင်း ၅၅ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယရေတပ်က ရှင်းလင်းပြောကြားသည်။

ကူညီကယ်ဆယ်ရေးအဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ် နစ်မြုပ်သွားသည့် သင်္ဘောတစ်စင်းမှ ပျောက်ဆုံးသွားသည့် ရေနံမြေအလုပ်သမား ၆၅ ဦးကို လေယာဉ်များနှင့် ရဟတ်ယာဉ်များဖြင့် ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းကြောင့် သစ်ပင်လဲကျမှုများနှင့် လူနေအိမ် နံရံပြိုကျမှုများ ဖြစ်ပွားပြီး အသက် ၈၀ အရွယ် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် လူနေအိမ် ၁၆၅၀၀ ကျော် ထိခိုက်ပျက်စီးသွားပြီး သစ်ပင် ၄၀၀၀၀ ကျော် ပြိုကျမှုဖြစ်ပွားကာ ဒေသခံပြည်သူ သိန်းနှင့်ချီ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ တစ်နာရီလျှင် ပြင်းအား ၁၁၅ မိုင်နှုန်းဖြင့် ဂူဂျာရတ်ပြည်နယ်သို့ မဝင်မီ မှာပင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် အိန္ဒိယနိုင်ငံ အနောက်ဘက်နှင့် တောင်ဘက်တွင် လူ ၂၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ



# မက္ကဆီကိုနိုင်ငံ၌ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး

**မက္ကဆီကိုစီးတီး မေ ၁၉**

မက္ကဆီကိုနိုင်ငံ၌ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တရုတ်နိုင်ငံမှ ထုတ်လုပ်သော CanSino ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံမှုကို ယမန်နေ့က စတင်ဆောင်ရွက်သည်။



မက္ကဆီကိုနိုင်ငံ၌ စာသင်ကျောင်းများကို ဇွန်လလယ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားသဖြင့် ကျောင်းဆရာ ဆရာမ စုစုပေါင်း ၃၅၆၃၄၂ ဦးကို မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း မက္ကဆီကိုစီးတီး၏ မြို့တော်ဝန် ကလော်ဒီယာ ရှင်းဘန်းက ပြောကြားသည်။

"ကျွန်တော်တို့ ဆရာ ဆရာမတွေ အနေနဲ့ ပညာသင်ကြားရေးတာဝန်တွေကို ပြန်လည်ထမ်းဆောင်ဖို့ အသင့်ပြင်ဆင်ထားပြီးပါပြီ"ဟု မက္ကဆီကို အမျိုးသား တက္ကသိုလ်မှ ပါမောက္ခ ဂျက်စမင်း အရစ်တိုက ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# သီရိလင်္ကာအစိုးရက နိုင်ငံအတွင်းဝင်ရောက်မည့် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီရပ်ဆိုင်းမည်

**ကိုလံဘို မေ ၁၉**

သီရိလင်္ကာနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် မေ ၂၁ ရက်မှစပြီး မေ ၃၁ ရက်အထိ နိုင်ငံတကာလေကြောင်းခရီးစဉ်များအားလုံးကို ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။

သမ္မတ ဂိုတာဘာရာ ရာဂျာပတ်ဆာတက်ရောက်သည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်လေကြောင်းနှင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီး ဒီဗီ ချာနာကာက ပြောကြားသည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုများကို လျှော့ချရန် ရည်ရွယ်ပြီး နိုင်ငံခြားခရီးသွားများအား ပြည်ဝင်ခွင့် ၁၀ ရက်ခန့် ပိတ်ပင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်မှုကို ခံစားနေရပြီး မေလအတွင်း၌ပင် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၀၀၀၀ ကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၁၅ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၇၀၀ ထပ်မံတွေ့ရှိ

**မနီလာ မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၀၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၅၉၀၇၁ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ၁၃၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၅၀၇ ဦးရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၂ သန်းနီးပါးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅ ဒသမ ၅ သန်းနီးပါးရှိလာ

**နယူးဒေလီ မေ ၁၉**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၆၇၃၃၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၅၄၉၆၃၃၀ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၄၅၂၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၃၂၄၈ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၁၉၈၆၃၆၃ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၂၂၆၇၁၉ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၅ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ မေ ၁၈ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၃၁၂၁၅၅ လုံး သုံးစွဲခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# နီပေါနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိစဉ် အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**ခတ္တမန္ဒူ မေ ၁၉**
နီပေါနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် မြင့်တက်လျက်ရှိစဉ် အောက်ဆီဂျင် အထောက်အပံ့ ပြတ်လပ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ယနေ့ သတင်းများအရ သိရသည်။



လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၁၀၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး ၂၀၀ ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ယိုယွင်းပျက်စီးလျက်ရှိသည်။ မြို့တော် ခတ္တမန္ဒူရှိ ဆေးရုံများတွင်လည်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများနှင့် ပြည့်နှက်လျက်ရှိသည်။ လူနာအများစုသည် ဆေးဝါးကုသမှုခံယူရန် ဆေးရုံအပြင်ဘက်များတွင် စောင့်ဆိုင်းနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အောက်ဆီဂျင်အထောက်အပံ့ပြတ်လပ်လျက်ရှိသည့်အတွက် ဝေရက်တောင်တက်သမားများအား ထောက်ပံ့ပေးရန်လိုအပ်သည့် အောက်ဆီဂျင်အိုးများကို ပြန်လည်ဖြည့်တင်းကာ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများအတွက် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် လွန်ခဲ့သောနှစ်အတွင်း ဝေရက်တောင်ကို ပိတ်ထားခဲ့ရသည်။ ယခုနှစ် ဧပြီလအတွင်း ကျရောက်သည့် တောင်တက်ရာသီကာလအတွင်းမှသာ ဝေရက်တောင်ကို ပြန်လည်တက်ရောက်ခွင့်ပြုခဲ့သည်။ ဝေရက်တောင်ဖွင့်လှစ်ခဲ့သည့်အချိန်မှစပြီး ယခုအချိန်အထိ ဝေရက်တောင်သို့ တက်ရောက်သူ ၄၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း၌ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၈၀၄၁၈ ဦးရှိပြီး သေဆုံးသူပေါင်း ၅၆၅၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၀၇၅ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၉**
မလေးရှားနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၆၀၇၅ ဦးကို ယနေ့တွင် ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၄၉၆ ဦးရှိကြောင်း သိရသည်။

ယခုထပ်မံရောဂါကူးစက်ခံရသူများအနက် သုံးဦးမှာ ပြည်ပမှ ရောဂါကူးစက်ခံရခြင်းဖြစ်ပြီး ၆၀၇၂ ဦးမှာ ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နောဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာကြရန် နိုင်ငံသားများအား ၎င်းက တိုက်တွန်းသည်။

နိုင်ငံသားများနှင့် တာဝန်ရှိသူများက ယခုကဲ့သို့သော နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုများ မြင့်တက်နေသောအချိန်တွင် တစ်ဦးနှင့်တစ်ဦး လက်တွဲပြီး ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသဖြင့် အစိုးရက နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်မှုများကို ဇွန်လအထိ ချမှတ်ထားသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၄၆ ဦးကို ထပ်မံတွေ့ရှိသဖြင့် သေဆုံးသူစုစုပေါင်း ၂၀၄၀ ရှိလာသည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၅၁၆ ဦးကို ထပ်မံတွေ့ရှိသဖြင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၆၁၁၆ ဦးရှိလာသည်။ နိုင်ငံအတွင်းပိုးတွေ့ဆဲလူနာ ၄၇၃၄၀ ရှိသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၁၃ ဦးရှိ

**ရီယိုဒီဂျနေးရိုး မေ ၁၉**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅၁၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၃၉၀၅၀ ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၇၅၄၄၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၅၇၃၂၈၃၆ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံနောက်တွင် ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိကြောင်းလည်း သိရသည်။ ဘရာဇီးနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူစုစုပေါင်း ၅၈ ဒသမ ၆ သန်းရှိသွားပြီဖြစ်ကြောင်းနှင့် ယင်းအရေတွက်အနက် ၁၉ ဒသမ ၄ သန်းမှာ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၆၄၉၉၈၀၈ ဦး

သေဆုံးသူ
၃၄၂၁၃၁၄ ဦး

ပြန်လည်ကျန်းမာလာသူ
၁၄၃၉၇၈၆၉၇ ဦး

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ် (၃၃)မြို့နယ်အတွင်း မော်တော်ဆိုင်ကယ်မစီးရနယ်မြေအဖြစ် သတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိသဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာစေရန်၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်အတွက် စည်းကမ်းချိုးဖောက်သည့် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ တိုးမြှင့်စစ်ဆေးအရေးယူလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူခဲ့မှုနှင့် မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှု၊ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုတို့မှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်းနှင့် ယာဉ်/လမ်းအသုံးပြုသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

| ကာလ | စည်းကမ်းပျက်ဖမ်းဆီးမှု | | ယာဉ်မတော်တဆမှု | | |
|---|---|---|---|---|---|
| | မော်တော်ဆိုင်ကယ် | မော်တော်ယာဉ် | ဖြစ်ပွားမှု | ဒဏ်ရာရရှိမှု | သေဆုံးမှု |
| ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ | ၃၀၄၈ စီး | ၆၃၆၆ စီး | ၃၃၃ မှု | ၃၅၅ ဦး | ၁၆၀ ဦး |

အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၈ စီး၊ သွင်းကုန် ၁၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက်တွင် မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၂၃ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Wheel Rims (Used) 50 PCs၊ ရေပိုက် (၂၀၀ မီတာ) 8 Pkgs နှင့် Lady Slipper 347 Pain Kid Slipper 96 Pain Lady T-Shirt 960 PCs၊ Lady Blouse 254 PCs အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## ဘားအံမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်တစ်စီးမီးလောင်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရ


6J/6191 Honda Fit ယာဉ်

**နေပြည်တော် မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်တစ်စီးမီးလောင်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မီးလောင်ပျက်စီး**

ဖြစ်စဉ်မှာ ယမန်နေ့ ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ဘားအံမြို့နယ် ဝါးဘိုးတောကျေးရွာရှိ စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများက အဆိုပါဂိတ်၏ အနောက်တောင်ဘက် ကိုက် ၂၀၀ ခန့်အကွာရှိ ရော်ဘာတောအတွင်းမှ ၄၀ မမဖုံးသီး နှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဂိတ်အနီးရပ်တန့်ထားသော 6J/xxxx Honda Fit ယာဉ်ပေါ်သို့ ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး ယာဉ်ပေါ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိတစ်ဦးကိုင်ဆောင်သော ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်ခြောက်တောင့်နှင့် ယာဉ်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတွင် ခြေသလုံး၊ ဖနောင့်တို့တွင် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

**ပိတ်ဆို့ရှင်းလင်း**

လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် လိုအပ်သော အင်အားများ ထပ်မံဖြည့်တင်းကာ လိုက်လံပိတ်ဆို့ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗန်းမော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မူဆယ်၊ ဟိုပုံးနှင့် နောင်ချိုမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက်အတွင်းတွင် မခွန်လွမ်(ခ)ခေါန်လွမ့်(ခ)အားမိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကို ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းရှိစားသောက်ဆိုင်ရှေ့၌ ဌေးကြိုင်(ခ)ဘိုကြိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကိုလည်းကောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ၎င်းနေထိုင်သည့် ရမည်းသင်းမြို့နယ် ရင်ဂါတ်ကုန်းကျေးရွာအုပ်စု ရင်ဂါတ်ကုန်းကျေးရွာရှိ နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ရမည်းသင်းမြို့နယ် ဆည်ကန်-သပြေလှကျေးရွာသွားလမ်း၌ မောင်လွင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာအုပ်စု နောင်ယန်းကျေးရွာအနီး မူဆယ်-နမ့်ခမ်းသွားကားလမ်းတွင် ကျော်ထွန်း(ခ)အားပီး မောင်းနှင်လာသည့် MITSUBISHI TRITON အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း။

အလားတူ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လွယ်ဝိုးတုတ်ကျေးရွာအနီး ဟိုပုံး-လွိုင်လင် သွားကားလမ်း၌ ခွန်ကျော်လှ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

ထို့အတူ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ရဲဗိုမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံ မြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၄၆၃၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၃၄၆၃၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၁၇၈၆၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၉၁၂၆၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | တောင်ကြီးမြို့နယ် | ၂၄၅ | ၃၂၄၉၀၃ | ၂၇၉၃၁၅ | ၂၃၃၁၈ | ၂၇၅၁ | ၃၄၆၆၄ |
| ၂ | ညောင်ရွှေမြို့နယ် | ၁၄၃ | ၁၃၇၅၈၃ | ၁၃၀၄၃၄ | ၁၄၇၉၂ | ၇၅၄ | ၁၂၂၀၂ |
| ၃ | ကလောမြို့နယ် | ၁၄၁ | ၁၃၈၇၁၉ | ၁၁၆၃၈၉ | ၁၄၈၈၆ | ၁၀၁၇ | ၁၃၈၈၀ |
| ၄ | ရွာငံမြို့နယ် | ၅၂ | ၆၁၉၃၇ | ၅၆၉၆၃ | ၃၀၂၇ | ၃၂၉ | ၅၇၆၂ |
| ၅ | ပင်လောင်းမြို့နယ် | ၁၄၃ | ၁၃၃၃၀၃ | ၁၂၃၉၁၁ | ၁၀၄၅၄ | ၁၄၉၈ | ၁၅၉၅၈ |
| ၆ | ကွမ်းလုံမြို့နယ် | ၅၈ | ၃၈၁၉၀ | ၃၆၅၀၇ | ၉၇၅၈ | ၆၉ | ၂၀၆၀ |
| ၇ | တန့်ယန်းမြို့နယ် | ၇၉ | ၁၁၁၆၈၆ | ၉၁၁၁၈ | ၄၁၆၃၂ | ၄၆၉ | ၆၇၃၆ |
| | စုစုပေါင်း | ၈၆၁ | ၉၄၆၃၃၁ | ၈၃၄၆၃၇ | ၁၁၇၈၆၇ | ၆၈၈၇ | ၉၁၂၆၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၆၁ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၀၃၉၀၄၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၂၆၉၀၂ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၂၇၄၃ ၊ မြေပြင်လက်ကျန် ၃၀၁၁၂၈ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၁၄၁၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၀၅၀၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တောင်ကြီးမြို့နယ် | ၂၄၅ | ၃၄၃၇၆၁ | ၂၄၃၃၆၂ | ၁၀၀၃၀၉ | ၉၆၂၀၉ | ၇၈၇၀ | ၃၇၇၀ |
| ၂ | ညောင်ရွှေမြို့နယ် | ၁၄၃ | ၁၅၄၅၇၁ | ၁၁၆၅၆၆ | ၃၈၀၀၅ | ၃၅၄၆၁ | ၂၅၄၆ | ၂ |
| ၃ | ကလောမြို့နယ် | ၁၄၁ | ၁၅၁၃၇၀ | ၁၁၇၈၃၆ | ၃၄၂၂၄ | ၃၁၆၇၉ | ၃၅၈၃ | ၁၇၃၈ |
| ၄ | ရွာငံမြို့နယ် | ၅၂ | ၆၉၄၂၉ | ၅၆၆၉၈ | ၁၂၇၃၁ | ၁၃၅၁၇ | ၃၅၃ | ၁၁၃၉ |
| ၅ | ပင်လောင်းမြို့နယ် | ၁၄၃ | ၁၄၈၈၉၇ | ၁၁၄၇၅၂ | ၃၄၁၄၅ | ၃၄၂၀၄ | ၁၁၈၁ | ၁၂၄၀ |
| ၆ | ကွမ်းလုံမြို့နယ် | ၅၈ | ၄၂၉၈၃ | ၁၉၄၇၃ | ၂၃၅၁၀ | ၂၂၃၃၃ | ၂၇၁၀ | ၁၅၃၃ |
| ၇ | တန့်ယန်းမြို့နယ် | ၇၉ | ၁၂၈၀၃၄ | ၅၈၂၁၅ | ၆၉၈၁၉ | ၆၇၇၂၅ | ၃၁၇၅ | ၁၀၈၁ |
| | စုစုပေါင်း | ၈၆၁ | ၁၀၃၉၀၄၅ | ၇၂၆၉၀၂ | ၃၁၂၇၄၃ | ၃၀၁၁၂၈ | ၂၁၄၁၈ | ၁၀၅၀၃ |

စာမျက်နှာ ၁၆ သို့ ✪





တောင်ကြီးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

## သတင်းထုတ်ပြန်ချက်





ပင်လောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။

❖ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ် ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းထက် ၁၁၁၆၉၄ ဦး ပိုမိုများပြားနေ

❖ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၁၇၈၆၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ “အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက်ပါဝင်နေသူ ၆၈၈၇ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၉၁၂၆၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ

❂ စာမျက်နှာ ၁၅ မှ

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၁၁၆၉၄ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၁၇၈၆၇ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၆၈၈၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၉၁၂၆၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည် ။

၈။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၇၂၉၄၅၁ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၇၂၆၉၀၂ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၅၄၉ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၁၄၁၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၀၅၀၃ စောင် တွေ့ရှိရခြင်း၊

(ဃ) အချို့မဲရုံများရှိ မဲစာရင်း ပုံစံ(၁)စာအုပ်များတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည် စသည့်အချက်အလက်များ ဖြည့်သွင်းထားခြင်းမရှိဘဲ မဲပေးခွင့်ပြုထားခြင်း၊

(င) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း။

(စ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဇ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) COVID–19 ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကွမ်းလုံမြို့နယ်နှင့် တန့်ယန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**တရားလွှတ်တော်ရှေ့နေအသင်းမှ ဦးအောင်ရဲစိုး**က မေးမြန်းရာတွင် အရေးပေါ်အခြေအနေ ကြေညာသည့်အချိန်တွင် နိုင်ငံတော်၏တာဝန် အရပ်ရပ်ကို တပ်မတော်ဦးဆောင်သည့် အစိုးရအဖွဲ့က ဦးဆောင်ပြီးသည့်အချိန်တွင် အရေးပေါ်ကာလ ပြီးဆုံးသည့်အချိန်တွင် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အချိန်နှင့် တိုက်ဆိုင်ခြင်းအတွက် လွှတ်တော်က ပယ်ဖျက်ပြီးဖြစ်သည်ဟု မိမိလေ့လာဖူးကြောင်း၊ အခုအချိန်သည် တတိယအကြိမ် လွှတ်တော်သက်တမ်းအစတွင် အရေးပေါ်ကာလဖြစ်သည့်အတွက် အရေးပေါ်ကာလကို သက်တမ်း နှစ်ကြိမ် ဆက်တိုးမည်ဆိုပါက နှစ်နှစ်တာကာလ ဖြစ်သည့်အတွက် လွှတ်တော်သက်တမ်းသည် ငါးနှစ်ဖြစ်ခြင်းကြောင့် လွှတ်တော်သက်တမ်းသည် သုံးနှစ်သာကျန်ရှိမည်ဖြစ်ကြောင်း၊ မိမိသိလိုသည်မှာ အရေးပေါ်ကာလအရ နိုင်ငံတော်တာဝန်အရပ်ရပ်ကို လက်ရှိအစိုးရက တာဝန်ယူသည့်အချိန်တွင် ယာယီသမ္မတ၏ လွှဲအပ်သည့်တာဝန်များ ပြီးဆုံးသည့် အချိန်တွင် နောက်အစိုးရကို ရွေးကောက်ပွဲပြုလုပ်ပြီး ရွေးချယ်မည်လား၊ ပြီးမြောက်ခဲ့ပြီးသော ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲကြီး၏ ရလဒ်များအပေါ်တွင် UEC ကို ကန့်ကွက်လွှာများ တင်ထားသည့်အမှုများအပေါ် လက်ရှိ UEC က ဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး ရလဒ်များအပေါ်အခြေခံသည့် အစိုးရအဖွဲ့ဖြင့် သွားမည်လား၊ အဓိကမှာ ပြီးမြောက်ခဲ့သည့် အငြင်းပွားဖွယ်ရာများ များစွာဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲတစ်ရပ်လုံးကို UEC အနေဖြင့် ဖျက်သိမ်းမှာလား၊ ဖျက်သိမ်းပြီးတော့ အသစ်ပုံစံဖြင့်သွားမှာလား၊ သို့မဟုတ် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ဆုံးဖြတ်ပြီး အစိုးရအသစ်ဖွဲ့နိုင်ရေးကို ဆောင်ရွက်မည်လား သိလိုကြောင်းမေးမြန်းသည်။

**ပထမလွှတ်တော်က သက်တမ်းကုန်ဆုံး**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပထမလွှတ်တော်က သက်တမ်းကုန်ဆုံးသွားသည့်အတွက် အဆိုပါလွှတ်တော်သည် မရှိတော့သည်မှာ ဥပဒေတွင်လည်းပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရာတွင် တစ်နှစ်ဆိုတာရှိကြောင်း၊ ထို့အပြင် သာမန်အားဖြင့် ခြောက်လနှစ်ကြိမ်ပေး၍ရကြောင်း၊ ထို့နောက်ပိုင်းတွင် ကာလုံမှ ရွေးကောက်ပွဲကျင်းပရမည်ဟု ပြဋ္ဌာန်းချက်ရှိကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲရလဒ်ကိစ္စနှင့်ပတ်သက်၍ UEC အနေဖြင့် ထုတ်ပြန်ချက် ကြေညာပြီးဖြစ်ကြောင်း၊ မိမိတို့စစ်ဆေးနေဆဲကာလအတွင်း ထုတ်ပြန်ချက်များထုတ်ပြန်နေကြောင်း၊ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်များစစ်ဆေးခြင်း ပြီးစီးမှုအခြေအနေများကိုလည်း တရားဝင် ထုတ်ပြန်မှုများရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း တိတိကျကျထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က UEC မှပြောသွားသည့် အကြောင်းများတွင် နိုင်ငံရေးပါတီများကို ဖိတ်သည့်နေရာမှာ NLD ကိုလည်း ဖိတ်သည်ဟုပြောသွားပါကြောင်း၊ NLD ကို အခုချိန်ကာလတွင် ဖိတ်ကြားပြီးသွားပြီလား၊ ဘယ်လိုပုံစံမျိုးနဲ့ ဖိတ်ကြားထားသည်ကို သိလိုကြောင်း မေးမြန်းသည်။




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သာမန်အားဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီဌာနရှိပါကြောင်း၊ ထိုဌာနအနေဖြင့် ပါတီများ၏ မှတ်တမ်းအဖြစ် ပါတီများ၏မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း၊ မှတ်ပုံတင်အတည်ပြုပေးခြင်း၊ ယာယီအားဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းကိစ္စများကို Case by Case ကိုင်ထားပါကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ယခုမိမိတို့တွင်ရှိသည့် စာရင်းအတိုင်း ယာယီရပ်ဆိုင်းထားသည့် ပါတီမှအပ ကျန်နေသည့် ၉၁ ပါတီလုံးကို လိပ်မူပြီး သက်ဆိုင်ရာပါတီဌာနချုပ်ကို ပေးပို့ခြင်းဖြစ်ပါကြောင်း၊ ထိုပါတီများ၏ လိပ်စာအတိုင်း အားလုံးပေးပို့ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က PR စနစ်ကို ကျင့်သုံးမည်ဆိုပါက ထိုကာလအတွက် ပြင်ဆင်မည့်ကာလကို မည်မျှယူရမည်ဟု မျှော်မှန်းထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**မျိုးကွဲများစွာရှိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ထိုကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်ဆဲကိစ္စဖြစ်ပါကြောင်း၊ PR စနစ်နှင့်ပတ်သက်ပြီး PR စနစ်ကလည်း မျိုးကွဲများစွာရှိသည့်အတွက် မည်သည့် PR စနစ်ကို ကျင့်သုံးမည်၊ မည်သည့်လွှတ်တော်ကို ကျင့်သုံးမည်၊ မည်သည့်ပုံစံမျိုး ကျင့်သုံးမည်ဆိုသည်ကို တိတိကျကျအဖြေမထွက်သေးပါကြောင်း၊ ထို့ကြောင့် အချိန်အတိအကျမပြောနိုင်သေးပါကြောင်း၊ သင့်တော်သည့်ကာလတစ်ခု ယူရမည်ဖြစ်ကြောင်း၊ နောက်ပိုင်းမှာ ထိုကိစ္စနှင့်ပတ်သက်ပြီး အသေးစိတ်သိမှသာ ဖြေကြားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာ စိုးမြင့်ဦး**က ၂၁ ရက်နေ့ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံမှုမှာ တွေ့ဆုံမှုသက်သက်ပဲလား သို့မဟုတ် PR အတွက် ဆွေးနွေးဖို့ဆိုသည်ကို သိလိုပါကြောင်း၊ ယခုကာလတွင် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များမရှိခြင်းကြောင့် ပါတီတည်ဆောက်မည်၊ ထူထောင်မည်ဟု ရည်ရွယ်ထားသည့်သူများအနေဖြင့် အဆိုပါ PR စနစ်အတွက် ဆွေးနွေးရာတွင် ဥပဒေပြဋ္ဌာန်းခြင်းများကို အကြံပြု၍ ဘယ်လိုများရနိုင်မလဲ၊ အရပ်ဘက်အဖွဲ့အစည်းဆိုသည်မှာလည်း ယခင်အစိုးရလက်ထက်တွင် အချို့အဖွဲ့အစည်းများကို ဥပဒေနှင့်ညီပါလျက်နှင့် မှတ်ပုံတင်မချပေးခဲ့ခြင်းလည်း ရှိပါကြောင်း၊ ဆိုင်းငံ့ခြင်း၊ တားမြစ်ခြင်း၊ ချပေးခြင်းမရှိဘဲ ဒီအတိုင်းထားရှိကြောင်း၊ သို့သော် အသင်းအဖွဲ့ဆိုင်ရာ မှတ်ပုံတင်ဥပဒေတွင် မှတ်ပုံတင်မရှိသော်လည်း လုပ်ခွင့်ရှိနေပါကြောင်း၊ ထိုအသင်းအဖွဲ့များက လာရောက်လေ့လာ ဆွေးနွေးလို့ရနိုင်ပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဆုံးဖြတ်ချက် (၇) ချက်ရှိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပါတီများနှင့် တွေ့ဆုံရခြင်းမှာ ပြီးခဲ့သည့်တွေ့ဆုံပွဲတွင် ဆုံးဖြတ်ချက် (၇) ချက်ရှိပါကြောင်း၊ ထိုဆုံးဖြတ်ချက် (၇) ချက်မှာပါသည့် PR စနစ်နှင့်ပတ်သက်ပြီး ပြောကြားခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် PR စနစ်ကိစ္စတစ်ခုတည်းမဟုတ်ပါကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အခါအားလျော်စွာ သင့်တော်သည့်ကာလတစ်ခုတွင် တွေ့ဆုံပွဲပြုလုပ်ပြီး နိုင်ငံရေးပါတီမှာလည်း ပြီးခဲ့သည့် ရွေးကောက်ပွဲမှာ ဖြစ်ခဲ့သည့်ကိစ္စများနှင့် ပတ်သက်၍ ၎င်းပါတီများမှာ အတွေ့အကြုံ များရှိပါကြောင်း၊ အလားတူ နောင်လုပ်မည့် ရွေးကောက်ပွဲအတွက် ၎င်းတို့၏ သဘောထားဆန္ဒများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်ရှိပါကြောင်း၊ အလားတူ ၎င်းပါတီများ၏ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံများပြင်ဆင်ခြင်း၊ ပါတီဝင်အင်အားကိစ္စ၊ ပါတီရန်ပုံငွေကိစ္စ၊ ပါတီဖွဲ့စည်းပုံကိစ္စ၊ အလံတံဆိပ်ကိစ္စများရှိပါကြောင်း၊ အုပ်ချုပ်မှုကိစ္စများ များစွာရှိပါကြောင်း၊ ထိုကိစ္စများကို အားလုံးဆွေးနွေးတိုင်ပင်ရသည့် သဘောဖြစ်ပါကြောင်း၊ မည်သည့်ကိစ္စဖြစ်ရမည်ဆိုသည်ကို ထိန်းချုပ်ထားခြင်းမရှိပါကြောင်း၊ အားလုံးကိုဖိတ်ထားပြီး ဆွေးနွေး၍ရသည့် အနေအထားမျိုးဖြစ်ပါကြောင်း၊ ရရှိသည့် အချိန်ကန့်သတ်ချက်ထဲတွင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုက အကြံပြု၍ရမည်ဆိုလျှင် သူ့အဆင့်အတိုင်းသွားမည် ဖြစ်ကြောင်း၊ သွားသည့်အခါမှာ ပထမဦးစွာ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်း၊ ဆွေးနွေးပြီးခါမှ တဖြည်းဖြည်းဖြစ်လာပြီး ထိုမူဘောင်ကိုလုပ်လာပြီဆိုလျှင် ကျန်သည့် Stake-holder များ၊ ကျန်သည့်လူများ၊ ကျန်သည့်ပြည်သူများ အပါအဝင် CSO များ၊ တခြားနိုင်ငံရေးပါတီ မှတ်ပုံတင်လိုသည့် တခြားအဖွဲ့အစည်းများ၏ သဘောထားများ၊ အယူအဆများလည်း ပါဝင်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ အဆင့်လိုက်၊ အပိုင်းလိုက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်တစ်ခုကတော့ CSO များ မှတ်ပုံတင်ကိစ္စနှင့် ပတ်သက်ပြီး မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်ခြင်း မဟုတ်ပါကြောင်း၊ ပါတီမှတ်ပုံတင်ခြင်းက မိမိတို့နှင့် Concern ဖြစ်ကြောင်း၊ CSO များအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနတွင် လျှောက်ထားရခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာ စိုးမြင့်ဦး**က PR စနစ်အတွက် ဆွေးနွေးမည်ဆိုလျှင် CSO များကို ဖိတ်ကြားမည်ဟု လေးကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် ဖြေကြားခဲ့ကြောင်း ဟုတ်/မဟုတ်သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဖိတ်ကြားမည်မှာ မှန်ကန်ပါကြောင်း၊ အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီများနှင့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပြီးနောက် အဆင့်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမှာလည်း ဒီအတိုင်းဖြစ်ကြောင်း၊ ပါတီများနှင့်ဆွေးနွေးပြီးသည့်အခါ CSO များ၊ INGO များ အကုန်လုံးပေါင်းပြီး ပိုကောင်းအောင် ဆွေးနွေးခြင်းများရှိကြောင်း၊ မိမိတင်ပြခဲ့သလို အဆင့်လိုက် ဆောင်ရွက်သွားမည့်အနေအထား ရှိပါကြောင်း ဖြေကြားသည်။

**Myanmar Public Press သတင်းဌာနမှ ဒေါက်တာစိုးမြင့်ဦး**က မှတ်ပုံတင်ရှိသည့် CSO များကိုသာ ဖိတ်မည်လား တရားဝင်တည်ရှိနေသည့် CSO များကို လည်းဖိတ်ကြားမည်လား သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က CSO များအနေဖြင့် တော်တော်များကြောင်း၊ များသည့်နေရာမှာ မိမိတို့ကော်မရှင်နှင့် ဆက်စပ်လုပ်ကိုင်နေသည့် ကော်မရှင်ကိစ္စအလို့ငှာ ဆောင်ရွက်နေသည့် CSO များရှိကြောင်း၊ CSO အဖွဲ့ပေါင်း ၉၀/၁၀၀ ရှိပါကြောင်း၊ ထိုပုဂ္ဂိုလ်အနေဖြင့် စိတ်ပါဝင်စားလျှင် လုပ်နိုင်ကြောင်း၊ နောက်တစ်ခုက Public အပိုင်းကလည်း Public တို့ မီဒီယာတို့ စသည့် အပိုင်းများလည်းရှိပါကြောင်း၊ ထိုကိစ္စများကိုလည်း သူ့အဆင့်နှင့်သူ သွားရမည်ဖြစ်ကြောင်း၊ "အားလုံးပါမလား၊ တပေါင်းတည်း လုပ်မလား၊ ဘယ်လိုခွဲလုပ်မလဲ"စသည့် အဆိုပါ Process များကို အခြေအနေအပေါ်မှာမူတည်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က မြန်မာနိုင်ငံတွင်ရှိသည့် နိုင်ငံပိုင်ဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်အားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြီးကြပ်မှုနှင့် စည်းမျဉ်းဥပဒေအောက်တွင် ငွေးရေးကြေးရေး အဖွဲ့အစည်းများ၊ ဥပဒေစည်းမျဉ်းများဖြင့် ဆောင်ရွက်နေခြင်းကြောင့် ဘဏ်အားလုံးသည် လက်ရှိအခြေအနေအထိ သတ်မှတ်ချက်နှင့်အညီ ခိုင်မာစွာဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ စိတ်ချယုံကြည်ပါဆိုသည့် သတင်းထုတ်ပြန်ချက်ကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် တရားဝင်သတင်းထုတ်ပြန်ချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊

**စာမျက်နှာ ၁၈ သို့** ✻

## သတင်းစာရှင်းလင်းပွဲ

❋ စာမျက်နှာ ၁၇ မှ

ဥပဒေကြောင်းအရပြောမည်ဆိုလျှင် အပ်နှံသူများ၏ ငွေများကို မည်သည့်အခြေအနေမဆို ပုဂ္ဂလိကဘဏ် များ၊ မည်သည့်ဘဏ်မဆို ပြန်လည်ပေးအပ်ရန် တာဝန်ရှိသည်ကို ဖော်ပြထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘဏ္ဍာနှင့် ပတ်သက်ပြီး စိတ်ချယုံကြည်စွာဖြင့် ပြည်သူလူထု ဆောင်ရွက်ကြရန် ပြောကြားပြီးဖြစ်ကြောင်း၊ ဘဏ်များ ပုံမှန်အခြေအနေ ပြန်လည်ရရှိရန်အတွက် မိမိတို့က လက်ရှိအခြေအနေတွင် ဘဏ်ဝန်ဆောင်မှု များ လုပ်နေသည့် Mobile Banking နှင့် Internet banking ရှိပါကြောင်း၊ ကာလတစ်ခုတွင် Internet Connection ပေါ်မှာမူတည်ပြီး Mobile Data သုံးမရ သည့်အခြေအနေဖြစ်သွားသည့် ကာလတစ်ခုတွင် မလိုအပ်ဘဲ ATM စက်တွင် လူတန်းစီတိုးခြင်းများ၊ ဘဏ်များတွင် လူတိုးခြင်းများ ဖြစ်လာကြောင်း၊ တစ်ပြိုင်တည်းမှာပဲ ဘဏ်များကို ပြည်သူလူထု ယုံကြည်မှုရရှိရန်အတွက် ဘဏ်များ၏ ဝန်ဆောင် မှုများကို ပုံမှန်ဖြစ်စေရန် တွန်းအားပေး ဆောင်ရွက် ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သည့်အခါ ဗဟို ဘဏ်အနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပူးပေါင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပံ့ပိုးမှုနှင့် Mobile Data ကိုအသုံးပြုပြီးဆောင်ရွက် နိုင်သည့် ငွေရေးကြေးရေးစနစ်များ Application များကို ပုံမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ရန် ကြိုးစားခဲ့ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဗဟိုဘဏ်အနေဖြင့် ထုတ်ပြန်ချက်များ ထုတ်ပြန် ခဲ့ကြောင်း၊ ယင်းထုတ်ပြန်ချက်များကို နိုင်ငံပိုင် သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် ဘဏ် ငါးဘဏ်၊ ၂၉ ရက်တွင် ဘဏ် ခြောက်ဘဏ်နှင့် လက်ရှိအခြေအနေတွင် ပုဂ္ဂလိက ဘဏ်အားလုံး၏ Mobile Data ဖြင့် အားလုံးအသုံးပြု လို့ရပြီဖြစ်ကြောင်း၊ ယင်း Application နှင့်ပတ်သက် ပြီး ယခင်ကဘဏ်များတွင် ပြဿနာဖြစ်နေသည်မှာ Transfer လုပ်လို့မရကြောင်း၊ ငွေကို တစ်ယောက်နှင့် တစ်ယောက် လွှဲလို့မရကြောင်း၊ Transfer လုပ်ရန် အတွက် ဘဏ်မှာသွားတန်းစီရကြောင်း၊ တန်းစီရန် အတွက်တုံကင်ယူရသည့်ပြဿနာများဖြစ်ခဲ့ကြောင်း၊ ပြီးခဲ့သည့်အပတ်မှာပဲ Mobile Application များ အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပြီးဖြစ်ခြင်း ကြောင့် ငွေသားကန့်သတ်ချက်မရှိဘဲ Bank to Bank လိုအပ်သည့် Transfer ကို မိမိတို့ ဖုန်း Applicationမှ လုပ်လို့ရပြီဖြစ်ပါကြောင်း၊ ထို့အတူ ငွေသားများ တစ်ယောက်နှင့်တစ်ယောက် ပေးပို့လွှဲ ခြင်း၊ တစ်ယောက်နှင့်တစ်ယောက်ရရန်၊ ပေးရန်ရှိ ခြင်းကိုလည်း အဆိုပါ Application များဖြင့် လွှဲလို့ရပါကြောင်း၊ KBZ Pay , CB Pay, AYA Pay




ဘဏ်များအား အစွန်းရောက်အဖွဲ့များမှ ဖုံးခွဲဖျက်ဆီးခြင်း

စသည်ဖြင့် ဘဏ်ထဲတွင် Payment System Application ရှိပါကြောင်း၊ ယင်း Application များတွင် ယခင်က Internet Connetion ရမှ သုံးလို့ ရခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် Internet Connetion နှင့်မဆိုင်ဘဲ Mobile Data ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသည့် Telenor, Ooredoo, MPT, Mytel စသည်ဖြင့် ယခုတက်ရောက်လာသည့် ပုဂ္ဂိုလ်များ သုံးနေသည့် ဆင်းကတ်များ၏ Cellular Data ကို ဖွင့်ခြင်းဖြင့် 3G, 4G သုံးလို့ရလျှင် ယင်း Function များ အကုန်သုံး၍ရကြောင်း၊ ထို့ကြောင့် တစ်ယောက် နှင့်တစ်ယောက် ပေးစရာရှိခြင်းများ၊ Transfer လုပ်ခြင်းများ၊ အားလုံးကို ကြည့်နိုင်သလို Bank ထဲ တွင် Statement ကအစ ပြန်စစ်နိုင်သည့် Application ဖြစ်ကြောင်း၊ ထိုအရာအားလုံးကို ပြီးခဲ့သည့်အပတ်မှ စတင်ပြီး ဘဏ်အားလုံးကို သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ငွေသားကိုထုတ်ယူမှ အလုပ်ဖြစ်မည်မျိုး မဟုတ်ဘဲနှင့် Mobile ကိုအသုံးပြုပြီး မိမိပေးစရာ၊ ချေစရာရှိခြင်းများကို လုံခြုံမှုရှိစွာဖြင့် ပုံမှန်အတိုင်း ဆောင်ရွက်၍ရပြီဖြစ်ကြောင်း။

### ငွေကြေးပြန်လည်ပတ်မှုဖြစ်အောင် ဆောင်ရွက်

နောက်တစ်ခုအနေဖြင့် ဘဏ်များ၏ ငွေကြေး လွယ်ကူမှုကို ပိုမိုပြီး အထောက်အကူဖြစ်စေရန် အတွက် ဗဟိုဘဏ်ရှိ ဘဏ်ထဲမှ မြန်မာကျပ်ငွေနှင့် ဗဟိုဘဏ်မှာ ထိန်းသိမ်းထားရှိသည့် ငွေများရှိပါ ကြောင်း၊ ယင်းထိန်းသိမ်းထားသည့် ငွေများ၏ သီးသန့်ငွေလိုအပ်ချက်ကို Customer များ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ အပ်နှံငွေနှင့် ယခင်က ၃ ဒသမ ၅ ရာခိုင်နှုန်း ထားပါကြောင်း၊ လက်ရှိ သုံးရာခိုင်နှုန်း ထပ်မံပြင်ဆင်လျှော့ချလိုက် ကြောင်း၊ ထိုအရာသည်ငွေကြေးမူဝါဒအရ ဘဏ် များကို ငွေဖြည့်လွယ်ကူရန် ပြင်ဆင်ဆောင်ရွက် ခြင်းကိစ္စဖြစ်ကြောင်း၊ ဒါတွေဟာဘာနဲ့ဆက်စပ်သလဲ ဆိုရင် ဘဏ်တွေ ဘယ်လောက်ခိုင်မာသလဲ၊ ပြီးတော့ မပြိုလဲအောင် ဘာလုပ်နေတယ်ဆိုတာတွေက ဒီပုဒ်မအရ ဒါဖြစ်ပါတယ်ဆိုတာ ပြောလို့မရပါ ကြောင်း၊ အကြောင်းအရာတွေ ဆက်စပ်မှုများရှိ ကြောင်း၊ နောက်ပေးမယ့် Payment System Development လုပ်နေခြင်းများ၊ public ၏ အပ်နှံထားသည့် deposit များအပေါ် ယုံကြည်အောင် အာမခံထားသည့် အခြေအနေများ၊ ၎င်းတို့သုံးစွဲနိုင် သည့် လှည့်ပတ်ငွေများ၏ ရာခိုင်နှုန်းများကို ယခင် ထက်ပိုမိုပြီး ပြည်သူလူထုကို ငွေကြေးပြန်လည်ပတ်မှု ဖြစ်အောင် ဆောင်ရွက်သည့်အပိုင်းများဖြစ်ပါ ကြောင်း။

ဘဏ်များ ပြိုလဲမသွားရန်ဆိုသည့်ကိစ္စရပ်မှာ ဘဏ်အပေါ်တွင် မိမိတို့က စည်းမျဉ်းစည်းကမ်းနှင့် အညီ ကြပ်မတ်နေသလို လက်ရှိမိမိတင်ပြသွားခြင်း များသည် ပုံမှန်အခြေအနေရောက်အောင် ဆောင်ရွက် နေမှုများဖြစ်ပါကြောင်း၊ မေလ ၃ ရက်နေ့ကစတင်ပြီး ဖွင့်လှစ်ပေးသည့် စာရင်းသစ်များမှာလည်း ငွေသား အပ်နှံမှုများပြုခြင်း၊ အကန့်အသတ်မရှိ ထုတ်နိုင် သည်ဟု ကြေညာခဲ့ကြောင်း၊ ယင်းငွေသားများသည် ကြေညာလိုက်သည့်အချိန်တွင် ဘဏ်စာရင်းအသစ် ဖွင့်ပြီး ငွေသားအပ်နှံနိုင်ခြင်း၊ ယင်းအပ်နှံသည့် ငွေများကိုလည်း အကန့်အသတ်မရှိ ထုတ်နိုင်ခြင်း၊ Transfer လုပ်နိုင်ခြင်း၊ Cheque ဖြင့် သွားထုတ်မည် ဆိုလျှင်လည်း ငွေသားအပြည့် ထုတ်ပေးမည်ဖြစ် ကြောင်း၊ PO ဖြင့် ထုတ်မည်ဆိုလည်း ငွေသားအပြည့် ထုတ်ပေးမည်ဖြစ်ကြောင်းကို ကြေညာခဲ့ကြောင်း။

သို့သော် တကယ့်လက်တွေ့တွင် ဘဏ်များကို ထပ်ပြီး ညွှန်ကြားချက်ထုတ်ထားပါကြောင်း၊ ဘဏ်စာရင်းဖွင့်ရန် အခက်အခဲရှိခြင်းကြောင့် ယခင် စာရင်းအဟောင်းမှာပဲ မေလ ၃ ရက်နေ့မတိုင်ခင် စာရင်းနှင့် မေလ ၃ ရက်နေ့ပြီးနောက်ပိုင်း စာရင်း နှစ်ပိုင်းခွဲ၍ မေလ ၃ ရက်နေ့နောက်ပိုင်း စာရင်းများ ကို အကန့်အသတ်မရှိ ပြန်လည်ထုတ်ယူနိုင်ခြင်း၊ လွှဲပြောင်းသည့်ငွေကိုလည်း မြန်မာပြည်ဘယ်ဒေသ မဆို ရန်ကုန်ကနေပြီး ငွေသားသိန်းတစ်ထောင်ထည့် ထားပြီး သိန်းငါးရာအား ပုသိမ်ကို ယခင်လိုပဲ Transfer ဖြင့်လွှဲလျှင် ပုသိမ်က ထုတ်မည့်သူသည် ငွေသားသိန်းငါးရာ ထုတ်ခွင့်ရမည်ဖြစ်ကြောင်း၊ မူလကန့်သတ်ချက်နှင့် မဆက်စပ်ဘဲ ဆောင်ရွက် ပေးသည့်အစီအစဉ်ဖြစ်ကြောင်း၊ ပုံမှန်ဆောင်ရွက် နေသည့် ငွေသွင်း/ငွေထုတ်ခြင်းများလည်း ပုံမှန် ဆောင်ရွက်၍ရနေကြောင်း၊ ATM စက်များတွင် ငွေသားပြတ်လပ်မှုမရှိအောင် လက်ရှိအခြေအနေတွင် ဘဏ်အသီးသီးကို မိမိတို့ ညွှန်ကြားထားသလို မိမိတို့ဘက်ကလည်း ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ဘဏ်များတွင် ငွေများကို ကန့်သတ်ချက် ဖြင့် ထုတ်နေရခြင်းကို ဘယ်အချိန်မှ ဖြေလျှော့ပေး မလဲဆိုသည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဘဏ်များ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာပြီ ဖြစ်ခြင်းကြောင့် မကြာခင် ဖြေလျှော့သွားရန် အစီ အစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**Sankei Shinbon သတင်းဌာနမှ တာဝန်ခံ အယ်ဒီတာ ဒေါက်တာဇော်သန်း**က ရန်ကုန် ATM စက်များတွင် လူများ များနေပါကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ATM စက်ငွေထုတ်ပေးခြင်းသည်လည်း တစ်ကတ်ကို နှစ်သိန်းပဲရှိပါကြောင်း၊ ထုတ်ပေးသည့် ငွေပမာဏကိုများ၍ အချိန်ကာလကို တိုတောင်း အောင် ချုံ့လိုက်ပြီး လူဦးရေ နည်းသွားအောင်လုပ်နိုင် သည့် အစီအစဉ်များရှိနိုင်မလား သိလိုပါကြောင်း မေးမြန်းသည်။

### ATM ကတ် ၁၀ ခုခန့် ကိုင်ဆောင်ပြီး တန်းစီထုတ်သည့်ပြဿနာရှိ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဝင်းသော်**က ATM စက်များတွင် လူများများသွားသည့် ကိစ္စရပ်သည် သတင်းစာရှင်းလင်းပွဲတွင် မိမိတို့ မကြာခဏပြောနေခြင်းများ ရှိပါကြောင်း၊ ပုံမှန် မဟုတ်သည့်အခြေအနေ၊နိုင်ငံရေးအပြောင်းအလဲ အခြေအနေများတွင် အခြားပယောဂများပါဝင်ပြီး မိမိတို့လို၍ ငွေထုတ်ခြင်းထက် အနှောင့်အယှက် ဖြစ်ရန် ဆောင်ရွက်ခြင်းများလည်းရှိကြောင်း၊ မိမိတို့ နိုင်ငံတွင် ပုဂ္ဂလိက ဘဏ် ၂၆ ဘဏ် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေသည် ယခု လူဦးရေအတိုင်း ဖြစ်ပါကြောင်း၊ ယခုဘဏ်၊ ယခုလူဦးရေ၊ ယခုစီးပွား ရေးသာဖြစ်ပါကြောင်း၊ ထိုလူများသည် ပုံမှန် ငွေထုတ်၍ရသလို ပုံမှန်ငွေအပ်နိုင်ပါကြောင်း၊ ATM စက်တွင်လည်း လူ လေး၊ ငါး၊ ခြောက်ဦးအထိ မပိုသည့် အခြေအနေဖြစ်ပါကြောင်း၊ ထိုအခြေအနေအပေါ်တွင် မူတည်ပြီး ရိုးရိုးသားသားထုတ်လိုသူနှင့် ဘဏ်များ ကို ယုံကြည်မှုပျက်ပြားစေရန် ပူးပေါင်းလုပ်ဆောင် သည့် အခြေအနေဖြစ်လာသောကြောင့် မိမိတို့အနေ ဖြင့် ကန့်သတ်ချက်များ ထုတ်ရပါကြောင်း၊ အချို့သူ များသည် ATM ကတ် ၁၀ ခုခန့် ကိုင်ဆောင်ပြီး တန်းစီထုတ်သည့်ပြဿနာ ရှိပါကြောင်း၊ ထိုအရာကို ကြည့်ခြင်းအားဖြင့် ထိုသူသည် ရိုးသားစွာထုတ်ရန် အတွက် ဆောင်ရွက်ခြင်းမဟုတ်နိုင်ပါကြောင်း၊ ပြည်သူလူထုသည် ၎င်းတို့ အခက်အခဲများရှိသည်ကို မိမိတို့သိပါကြောင်း၊ ၎င်းနေရာတွင် တစ်နေကုန်နေပြီး ပိုက်ဆံထုတ်၍ မရခြင်းသည် မိမိတို့တွင်လည်း တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် အချိန်ကိုလည်း တိုတောင်းရန်၊ ပိုက်ဆံကိုလည်း များများထုတ်နိုင် ရန်အတွက် စီစဉ်နေပါကြောင်း။

မိမိတို့ဖုန်းမှာ Banking Application များထည့်သွင်းပြီး Mobile Data ဖွင့်ရုံဖြင့် ငွေသွင်း၊ ငွေထုတ်လုပ်လို့ရကြောင်း၊ Wave Money၊ My ပိုက်ဆံ ၊ OK$၊ MPT Money စသည့် Mobile Financial Service များအားလုံးကိုလည်း Application သုံးလို့ရပြီဖြစ်ကြောင်း၊ ငွေလို၍ ငွေထုတ်လိုလျှင် Mobile Financial Service များ၏ အေးဂျင့်များထံတွင် ထုတ်၍ရအောင် System အရ ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း၊ အစောပိုင်းအခြေအနေ တွင် ထိုသို့ထုတ်၍ မရခြင်းကြောင့် ATM တွင် လူများနေခြင်း ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေ တွင် Mobile Service များတွင် ငွေထုတ်နိုင်ရန် အတွက် ပြန်လည်ဆောင်ရွက်ထားပါကြောင်း၊ ထို့အပြင် အေးဂျင့်များအနေဖြင့် ဘဏ်များတွင် ငွေထုတ်သည့်အခါတွင် လွယ်လွယ်ကူကူ ထုတ်နိုင် ရန်အတွက် အေးဂျင့်များ၏ ထုတ်ယူသည့်ငွေများကို ကန့်သတ်ထားခြင်း မရှိပါကြောင်း၊ ၎င်းတို့ တင်ပြလာ သည့် ငွေပမာဏကို အတိုင်းအတာတစ်ခုအထိ ထုတ်ပေးရာတွင် လိုချင်သည့်သူများသည် လွှဲပြောင်း ပြီး ထုတ်ယူ၍ရပါကြောင်း၊ Mobile Application များ ပြန်လည်အသုံးပြု၍ ရနေသည့်အခါတွင် ATM တွင် လူများ အလိုလိုလျော့ကျသွားမည်ဖြစ်ပါ ကြောင်း၊ ATM များတွင် ငွေသားမပျက်ရန်အတွက် ထပ်မံဖြည့်သွင်းမည့် ကိစ္စများကိုလည်း စီစဉ်ဆောင် ရွက်နေပါကြောင်း၊ ထိုအခါ ဘဏ်များတွင်လည်း မလိုအပ်ဘဲ တန်းစီရန်မလိုကြောင်း၊ မိမိတို့လိုအပ် နေသည့်ငွေများကို Application များဖြင့် အသုံးပြု ခြင်း၊ အပ်နှံသူများသည်လည်း အကောင့်သစ်များ ဖွင့်ပြီး အကန့်အသတ်မရှိ ထုတ်ယူရရှိနေပြီ ဖြစ်ခြင်း ကြောင့် Banking System သည် ပုံမှန်လည်ပတ် သွားမှာ ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၉ သို့ ❋

**Mobile Application များ ပြန်လည်အသုံးပြု၍ ရနေသည့်အခါတွင် ATM တွင် လူများအလိုလိုလျော့ကျသွားမည်ဖြစ်ပါကြောင်း၊ ATM များတွင် ငွေသားမပျက်ရန်အတွက် ထပ်မံဖြည့်သွင်းမည့်ကိစ္စများကိုလည်း စီစဉ်ဆောင် ရွက်နေပါကြောင်း၊ ထိုအခါ ဘဏ်များတွင်လည်း မလိုအပ်ဘဲ တန်းစီရန်မလို ကြောင်း၊ မိမိတို့လိုအပ်နေသည့်ငွေများကို Application များဖြင့် အသုံး ပြုခြင်း၊ အပ်နှံသူများသည်လည်း အကောင့်သစ်များဖွင့်ပြီး အကန့်အသတ်မရှိ ထုတ်ယူရရှိနေပြီ ဖြစ်ခြင်းကြောင့် Banking System သည် ပုံမှန် လည်ပတ်သွားမှာဖြစ်။**

# မေ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၈ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၃၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၀၆,၃၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၁၅၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၆) ဦးရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၉-၅-၂၀၂၁) ရက်နေ့၊ ည (၈: ၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၅၂) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၉) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၁၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၆၉) ခု | (၅) ဦး |
| စုစုပေါင်း | (၁,၃၇၇) ခု | (၂၈) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၇၇၄၉၄၅ | ၂၇၂၅၃၃၂၇ | ၆၀၁၃၃၀ |
| ၂။ | အိန္ဒိယ | ၂၅၄၉၆၃၃၀ | ၂၁၉၈၆၃၆၃ | ၂၈၃၂၇၆ |
| ၃။ | ဘရာဇီး | ၁၅၇၃၅၄၈၅ | ၁၄၂၄၇၆၀၉ | ၄၃၉၃၇၉ |
| ၄။ | ပြင်သစ် | ၅၈၉၈၃၄၇ | ၅၁၈၁၄၈၆ | ၁၀၈၀၄၀ |
| ၅။ | တူရကီ | ၅၁၃၉၄၈၅ | ၄၉၇၁၂၄၅ | ၄၅၁၈၆ |
| ၆။ | ရုရှား | ၄၉၆၅၆၇၆ | ၄၅၈၁၇၈၇ | ၁၁၆၉၆၅ |
| ၇။ | ဗြိတိန် | ၄၄၅၀၃၉၂ | ၄၂၈၁၉၄၇ | ၁၂၇၆၉၁ |
| ၈။ | အီတလီ | ၄၁၆၇၀၂၅ | ၃၇၂၇၂၂၀ | ၁၂၄၄၉၇ |
| ၉။ | စပိန် | ၃၆၁၉၈၄၈ | ၃၃၄၂၀၂၄ | ၇၉၅၀၂ |
| ၁၀။ | ဂျာမနီ | ၃၆၁၅၈၉၆ | ၃၃၄၀၄၀၀ | ၈၇၁၄၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၅၃၁၀၁ | ၁၆၁၆၆၀၃ | ၄၈၆၆၉ |
| ၂။ | ဖိလစ်ပိုင် | ၁၁၅၉၀၇၁ | ၁၀၈၉၆၁၃ | ၁၉၅၀၇ |
| ၃။ | မလေးရှား | ၄၈၅၄၉၆ | ၄၃၆၁၁၆ | ၂၀၄၀ |
| ၄။ | မြန်မာ | ၁၄၃၁၅၉ | ၁၃၂၁၃၆ | ၃၂၁၆ |
| ၅။ | ထိုင်း | ၁၁၆၉၄၉ | ၇၄၃၆၈ | ၆၇၈ |
| ၆။ | စင်္ကာပူ | ၆၁၆၈၉ | ၆၁၁၃၄ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၃၂၈၂ | ၁၄၉၅၅ | ၁၅၉ |
| ၈။ | ဗီယက်နမ် | ၄၅၇၉ | ၂၆၈၇ | ၃၇ |
| ၉။ | လာအို | ၁၇၃၇ | ၇၀၈ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၅ | ၂၂၂ | ၃ |

❊ စာမျက်နှာ ၁၈ မှ

အစောပိုင်းကာလတွင် ဘေးပယောဂများနှင့် အခြားသော အကြောင်းအချက်များကြောင့် Banking System ကြီးကို Attack လုပ်သည့် သဘောဖြစ်ခြင်းကြောင့် လူများသည် ဘဏ်များကိုကျော်ခိုင်း၍ Banking Application သည်လည်း အသုံးပြု၍ မရခြင်း၊ တိုက်ရိုက်ငွေထုတ်လိုခြင်းများကြောင့် ယုံကြည်မှုသည် အလိုလိုပျက်ပြားခဲ့ရကြောင်း၊ ယခုအခါ ယုံကြည်မှုကိုတည်ဆောက်ရာတွင် ယုံကြည်မှုများရလာပြီ ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်အပတ်က ငွေသားအသစ် ပြန်အပ်ငွေသည် ဘီလီယံ ၂၀၀ ကျော်ပါကြောင်း၊ တစ်ပတ်အတွင်းမှာ ဘီလီယံ ၂၀၀၊ ၂၅၀ ခန့်ရှိကြောင်း၊ ဒီ message ကိုကြည့်ခြင်းအားဖြင့် public သည် မိမိတို့ Banking ထဲကို Participation လုပ်လာပြီဖြစ်ကြောင်း၊ ပြည်သူလူထု၏ ယုံကြည်မှုသည်လည်း မိမိတို့ဘက်ကို ပူးပေါင်းလာကြောင်း၊ မိမိတို့သည် ယာယီချို့ယွင်းခဲ့သည့် Internet နှင့် ပတ်သက်သည့်ကိစ္စများကို ပူးပေါင်းဆောင်ရွက်ပြီး Mobile Data နှင့် သုံးလို့ရပြီဖြစ်ကြောင်း၊ ထို့ကြောင့် မလိုအပ်ဘဲ ဘဏ်ကိုသွားစရာမလိုကြောင်း၊ စိတ်ချယုံကြည်စွာဖြင့် Digital Banking Application များကို သုံးလို့ရပြီဆိုလျှင် ရာခိုင်နှုန်းအရ တန်းစီခြင်းများ၊ မလိုအပ်ဘဲ ငွေထုတ်ယူခြင်းများ ရှိတော့မည်မဟုတ်ကြောင်း၊ ယုံကြည်စွာဖြင့် ငွေများကို မူလအတိုင်းပြန်အပ်နေပြီဆိုလျှင် Banking ကိစ္စနှင့် ပတ်သက်၍ ကန့်သတ်သည့်အချိန်သည် ၎င်း Data များအပေါ် မူတည်ပြီး တိုတောင်းသွားမည်ဖြစ်ကြောင်း၊ မည်သည့်အချိန်မှာ ငွေထုတ်ရာတွင် စောင့်ရသည့်အချိန် တိုတောင်းသွားမလဲဆိုခြင်းသည် အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်ပါကြောင်း၊ မည်သည့်နည်းနှင့်မဆို ဒီ Banking System သည် Normally Circulation သွားနေလျှင် အားလုံး စိတ်ချမ်းသာမည်ဖြစ်ကြောင်း၊ အားလုံး စိတ်ချမ်းသာသည့် Banking System ဝင်လာပြီဆိုလျှင် ကန့်သတ်ချက်များ၊ အဆင်မပြေမှုများ အားလုံးပြီးသွားမည်ဖြစ်ပါကြောင်း၊ ရှေ့လာမည့်လများတွင် အားလုံးပုံမှန်ဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးမည် ဖြစ်ပါကြောင်း၊ အဆင်မပြေမှုများလည်း ရှိနိုင်ပါကြောင်း၊ ဘဏ်များတွင်လည်း ချို့ယွင်းချက်များရှိနိုင်ပါကြောင်း၊ ဘဏ်အချို့နှင့် ဘဏ်ဝန်ထမ်းအချို့သည်လည်း ရိုးသားမှုမရှိခြင်းတို့ကြောင့် ထိုမရိုးသားမှုကိုအခြေခံပြီး ပြည်သူလူထုအပေါ်တာဝန်ရှိသည့် ဗဟိုဘဏ်အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရကို အပြစ်တင်ခြင်းများရှိပါကြောင်း၊ လက်ရှိအဖွဲ့ဖွဲ့ပြီး စစ်ဆေး၍ မသမာမှုလုပ်သည့်သူများ၊ Wave Money များတွင် ရာခိုင်နှုန်းဖြင့် ဝန်ဆောင်ခ ပိုယူသည့်သူအားလုံးကို အရေးယူဆောင်ရွက်မှု လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ချက်ချင်းအရေးမယူသေးပါကြောင်း၊ နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းကိုသာ လိုလားပါကြောင်း၊ Banking System ကိုသုံးမှသာလျှင် နိုင်ငံတော်က တည်ငြိမ်မည်ဖြစ်ပါကြောင်း။

မည်သည့်အစိုးရတက်တက် ပြည်သူလူထုသည် အေးချမ်းစွာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတည်ငြိမ်ရန်အတွက် Banking System နှင့် ငွေရေး၊ ကြေးရေးကဏ္ဍ တိုးတက်တည်ငြိမ်နေမှ ဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်စေရန် အစိုးရက ပံ့ပိုးပေးနေပါကြောင်း၊ ဗဟိုဘဏ်မှဦးစီးပြီး ဘဏ်လုပ်ငန်းများလုပ်နေပါကြောင်း၊ ဘဏ်များ ပြိုလဲစရာ မရှိပါကြောင်းနှင့် လက်ရှိအခြေအနေသည် ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ မကြာမီအချိန်တွင် ပြည်သူလူထုသည် လုပ်ငန်းအခြေအနေ နားလည်မှုအရ အစိုးရဗဟိုဘဏ်၏ ဆောင်ရွက်မှုအပေါ်တွင် နားလည်မှုဖြင့် ဆောင်ရွက်လာသည့်သင်္ကေတသည် ပြီးခဲ့သည့်အပတ်က အထောက်အထားနှင့်ပမာဏ ရရှိလာပြီဖြစ်သည့်အတွက်ကြောင့် မကြာမီကာလတွင် ကန့်သတ်ချက်အားလုံးကို တစ်ခုပြီးတစ်ခုဖြေလျှော့ပြီး ပြည်သူလူထု အဆင်မပြေသည့် ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ  ၁၉**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ယုယုကျော် | အထက်တန်းပြ၊ အထက(၁)၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၂ | ဦးဇော်ပြည့်ဖြိုး | အထက်တန်းပြ၊ အထက(၁)၊ မြစ်ကြီးနားမြို့ | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်နန်းထက်မြတ်မွန် | အထက်တန်းပြ၊ အထက(လင်းခေး)၊ လင်းခေးမြို့နယ် | မောက်မယ်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၄ | ဦးစိုင်းအိုက်ဟိုင်း | အထက်တန်းပြ၊ အထက(၃)၊ ကျိုင်းတုံမြို့၊ | ဟုမ္မလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ထက်မွန်မြင့် | အထက်တန်းပြ၊ အထက(မုန်း)၊ ကျောက်ကြီးမြို့နယ် | ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်တင်လေးနွယ် | မူလတန်းပြ၊ အထက(၁)၊ လက်ပံတန်းမြို့ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဦးမျိုးသီဟ | အထက်တန်းပြ၊ အထက-ခွဲ(မြို့ဟောင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်မြတ်သူစံ | အထက်တန်းပြ၊ အထက-ခွဲ (ကြက်ယက်တွင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်မေမြတ်မွန် | အထက်တန်းပြ၊ အထက(ကမြောကင်း)၊ လောင်းလုံးမြို့နယ် | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးလွင်မျိုးကိုကို | အထက်တန်းပြ၊ အထက(ကျောက်နီမော်)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော်  မေ  ၁၉**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ထက်ထက်အောင် (အထက်တန်း သူနာပြု) | သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ | သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်သန့်သန့်ကျော် (အထက်တန်း သူနာပြု) | ဇလွန်  ပြည်သူ့ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်မိုးမိုးခိုင် (အထက်တန်း သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ပွင့်ဖူးခိုင် (အထက်တန်း သူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၅ | ဒေါ်မြလေးရီ (အထက်တန်း သူနာပြု) | မော်လမြိုင် ပြည်သူ့ဆေးရုံ | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါ်ငြိမ်းငြိမ်းလတ် (အထက်တန်း သူနာပြု) | ငရုတ်ကောင်း တိုက်နယ်ဆေးရုံ | ငရုတ်ကောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်အိစင်ဖြိုး (အထက်တန်း သူနာပြု) | ကျောက်မဲမြို့နယ်၊ ပုံဝိုးတိုက်နယ်ဆေးရုံ | မိုးမိတ်မြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၈ | ဒေါ်နန်းခင်နှင်းဆီ (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဒေါ်ဂျာဆိုင်းမိုင် (သူနာပြု) | ဟိုပင် တိုက်နယ်ဆေးရုံ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်အေးသဇင်ဆွေ (သူနာပြု) | ကျောက္ကူ တိုက်နယ်ဆေးရုံ | ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့ရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများကို အကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၁၉**

မြို့နယ်အချို့ရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား ယမန်နေ့တွင် အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပန်ချိုင်ကျေးရွာနေ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမိုးဇော်မြင့် (ဘ)ဦးကြည်အောင်သည် ၎င်း၏နေအိမ်၌ အိပ်ပျော်နေစဉ် အကြမ်းဖက်သူအမျိုးသားခြောက်ဦးသည် ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာကြောင်း၊ မေ ၁၆ ရက် က စာသင်ကျောင်းဖွင့်လှစ်မည့်ကိစ္စ လုံခြုံရေးတပ်ဖွဲ့ဝင်များက လာရောက်ဆောင်ရွက်စဉ် ဦးမိုးဇော်မြင့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြောင်း ဆဲဆိုခြိမ်းခြောက်ကာ တုတ်၊ ဓားလက်နက်များဖြင့် ရိုက်နှက်ထိုးခုတ်အကြမ်းဖက်၍ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ရိုက်နှက်ထိုးခုတ်မှုကြောင့် ဦးမိုးဇော်မြင့်တွင် ရင်ညွန့်၊ နောက်ကျောနှင့် ဝဲတံတောင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

အလားတူ ည ၁၂ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာနေ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိုးညွန့်သည် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တွတ်၊ သားဖြစ်သူ ဝေလျှံစိုး၊ သမီးဖြစ်သူ မတင်မာစိုး၊ သမက်ဖြစ်သူ ကိုသန့်ဇင်မောင်နှင့် မြေးဖြစ်သူ မောင်စွမ်းထက်(ခ)စွမ်းထက်အောင်တို့နှင့်အတူ နေအိမ်အတွင်း၌ ရှိနေစဉ် အကြမ်းဖက်သူ အမျိုးသား ၂၀ ခန့်သည် မျက်နှာကို ပုဆိုးဖြင့်စည်း၍ ရောက်ရှိလာပြီး နေအိမ်ကို လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ကာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးစိုးညွန့်နှင့် မိသားစုဝင်များအား "ဒလန်နှင့် ဒလန်မိသားစု"ဟု အော်ဟစ်ဆဲဆို၍ တုတ်၊ ဓားများဖြင့် အကြမ်းဖက်ဝင်ရောက်ထိုးခုတ်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက် မှုကြောင့် ဦးစိုးညွန့်နှင့် မတင်မာစိုးတို့သည် ဓားဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မောင်စွမ်း(ခ)စွမ်းထက်အောင်၊ ဒေါ်တွတ်နှင့် ဝေလျှံစိုးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သည့်အတွက် ဆေးဝါးကုသမှုခံယူနိုင်ရေး မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် မောင်စွမ်း(ခ)စွမ်းထက်အောင်သည် ရရှိဒဏ်ရာများဖြင့် ထပ်မံသေဆုံးသွားခဲ့ကြောင်း။

ထို့အတူ ယနေ့ နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၄)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးကျော်ဇင်မင်း(ဘ)ဦးကျော်ငြိမ်းသည် ၎င်း၏နေအိမ်ရှေ့ရှိ ကားရေဆေးဆိုင်၌ရှိနေစဉ် ၄ဝါလမ်းအတိုင်း အနောက်မှ အရှေ့သို့ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူများက သေနတ်ဖြင့် ဆယ်ချက်ခန့်ပစ်ခတ်ခဲ့ရာ ဦးကျော်ဇင်မင်းတွင် ဝဲပုခုံး၊ ယာပေါင်၊ ယာတင်ပါး၊ ဝဲ/ယာခြေထောက်တို့တွင် ဒဏ်ရာများ ရရှိခဲ့သည့်အတွက် ဆေးဝါးကုသမှုခံယူနိုင်ရေး ဘုရားသုံးဆူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ နံနက် ၁၀ နာရီတွင် ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူ ရပ်ကွက်နှင့် ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးများအား ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခဲ့သူ အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■



# မြို့နယ်အချို့၌ လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုများက ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ယမန်နေ့က လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်သားမြို့ မြို့မအနောက်ရပ်ကွက်မှ လက်လုပ်လေသေနတ် သုံးလက်ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာမှ လက်လုပ်သေနတ် တစ်လက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မိုင်းတုံးတာကြီးကျေးရွာအုပ်စုနှင့် တိုက်မွန်းကျေးရွာအုပ်စုတို့မှ တူမီးသေနတ် အလက် ၂၀ နှင့် လက်လုပ်လေသေနတ်တစ်လက်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သက်ကယ်ပြင်ကျေးရွာမှ လက်လုပ်သေနတ် လေးလက်ကိုလည်းကောင်း ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြသည်။ ထိုသို့ ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံနှင့် တံတားများ မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်

**နေပြည်တော် မေ ၁၉**

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံနှင့် တံတားများအား မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ခြင်းကဲ့သို့သော လုပ်ရပ်များကို နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ၏ သွေးထိုးမှုများအား ယုံကြည်ကာ အမြော်အမြင် အဆင်အခြင်မဲ့စွာဖြင့် ပိုမိုလုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။



တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မီးရှို့ဖျက်ဆီးခံရမှုမှတ်တမ်းဓာတ်ပုံ။

**မီးလောင်ပျက်စီး**

ထိုသို့ လုပ်ဆောင်ရာတွင် ယမန်နေ့ နံနက် ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျောက်ဖူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားရှိသော အလျား ပေ ၃၀ ၊ အနံ ၁၆ ပေ၊ အမြင့် ၈ ပေ ခန့်ရှိ ထရံကာ၊ သွပ်မိုးမြေစိုက် တစ်ထပ်ကျောင်းဆောင်၌ မီးလောင်နေသည်ကို ကျောင်းအနီးနေထိုင်သူ ပြည်သူလူထုများက တွေ့ရှိရ၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။မီးလောင်ရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဆောင်အနီး၌ ဓာတ်ဆီအနည်းငယ်ကျန်ရှိသည့် ရေသန့်ဘူးခွံတစ်ခုကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းဆောင်၏ အရှေ့ဘက်ခြမ်းတွင် ကာရံထားသော ထရံ ရှစ်ပေခန့်၊ ၃ x ၂ သစ်သားချောင်း လေးချောင်း၊ သစ်သားတိုင် တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

**မီးရှို့ဖျက်ဆီး**

အလားတူ ည ၈ နာရီခွဲတွင် ချင်းပြည်နယ် တီးတိန်မြို့ လေးလုမ်းရပ်ကွက် မြို့ဝင်၊ ထွက်စစ်ဆေးရေးဂိတ်ရှိ ယာယီရွက်ဖျင်တဲနှစ်လုံးအား လက်နက်ကိုင်အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုကြောင့် ရွက်ဖျင်တဲနှစ်လုံးနှင့် သစ်သားခုတင် ကိုးလုံးတို့မှာ မီးလောင်ကျွမ်းပျက်စီးခဲ့သည်။အဆိုပါရွက်ဖျင်တဲများနှင့် သစ်သားခုတင်များမှာ တီးတိန်မြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုရန်အတွက် ထုတ်ပေးထားရှိပြီး ယခုအခါ ယာယီပိတ်သိမ်းထားသည့်အချိန်၌ မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းဖြစ်ကြောင်း။

အလားတူ ည ၁၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် ရပ်ကွက် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံးအတွင်းရှိ စာရွက်စာတမ်းများ၊ ပလတ်စတစ်ထိုင်ခုံများ၊ လျှပ်စစ်မီးကြိုးများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်ရသည့် အကြောင်းအရင်းကို စုံစမ်းခဲ့ရာ မသမာသူလူတစ်စုမှ အဆိုပါ ရုံးရှေ့ရှိ ပြတင်းတံခါးမှန်အား ရိုက်ခွဲကာ ရုံးအတွင်း ဝင်ရောက်၍ ဓာတ်ဆီလောင်း မီးရှို့ခဲ့ခြင်း ဖြစ်ကြောင်း။

**မီးတုတ်ဖြင့်ပစ်ပေါက်**

အလားတူ ယနေ့နံနက် ၁ နာရီ မိနစ်၂၀ တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် တစ္ဆေချောင်းကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးသန့်ဇော်ဦး (ဘ) ဦးသန်းလှိုင်၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသားတစ်ဦးက မီးတုတ်ဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များ ကျူးလွန်သူများ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ရန်ကုန်မှ**

ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် ခရီးသည်များ သွားလာရေးအဆင်ပြေချောမွေ့စေရေး ကူးတို့ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသော ချယ်ရီသင်္ဘောရေယာဉ်များသည် ရပ်နားခြင်းမရှိဘဲ ပုံမှန်ပို့ဆောင်ပြေးဆွဲပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ဆိပ်ကမ်းတို့မှ တာဝန်ရှိသူများထံမှ သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောခရီးစဉ်များ အနေဖြင့် ရုံးဖွင့်ရက်များတွင် အသွား ၃၄ ခေါက်၊ အပြန် ၃၄ ခေါက်နှုန်းဖြင့် ဒလကမ်းမှ နံနက် ၅ နာရီခွဲမှ စတင်၍ ည ၇ နာရီအထိလည်းကောင်း၊ ပန်းဆိုးတန်းကမ်းမှ နံနက် ၆ နာရီမှ စတင်၍ ည ၇ နာရီခွဲအထိလည်းကောင်း၊ ရုံးပိတ်ရက်များတွင် အသွား ၂၃ ခေါက်၊ အပြန် ၂၃ ခေါက်နှုန်းဖြင့် လည်းကောင်း ခရီးသည်များ သွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင် ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

**နိုင်လင်းကျော်(IPRD)**

# ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများဆောင်ရွက်ရန်စီစဉ်ခဲ့မှုအား ဖော်ထုတ်ရရှိ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်ဆန္ဒပြရာတွင် ပါဝင်သောလူငယ်များ အနေဖြင့် အဖျက်အမှောင့်ဆောင်ရွက်လိုသော လူတစ်စု၏သွေးဆောင်စည်းရုံးမှု၊ ချိတ်ဆက်ပေးမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု နယ်မြေအတွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိနေကြောင်း သတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်ခဲ့သည့် ဖြိုးကိုကို (ဘ)ဦးချစ်ကို၊ စွမ်းရည် (ဘ) ဦးကြည်ဦး၊ အောင်ပြည့်ဖြိုးကျော် (ဘ)ဦးကျော်သက်၊ သန်းထွဋ်ဇော် (ဘ)ဦးကျော်ရှိန်၊ ထက်အောင်(ဘ)ဦးသန်းထွန်းတို့ငါးဦးအား မရမ်းချောင်စစ်ဆေးရေးဂိတ်၌ လည်းကောင်း၊ ပိုင်းချစ်ထွေး (ဘ)ဦးယဉ်ထွေး၊ မင်းခေတ်အောင် (ဘ)ဦးအောင်ဝင်း၊ ထက်ဝေယံ (ဘ) ဦးအေးသိန်း၊ ရွှေမဉ္ဇူဦး(ခ)ဒီးဒီး (ဘ)ဦးစိုးလွင်တို့ လေးဦးအား ဘီးလင်းတာယာစက်ရုံအနီး စစ်ဆေးရေးဂိတ်၌ လည်းကောင်း၊ ၎င်းတို့အား လိုက်ပါပို့ဆောင်ပေးခဲ့သည့် ယာဉ်မောင်း ဦးသန့်ဇင် (ဘ)ဦးစိုးချစ်၊ ဒေါ်ချိုချိုအောင် (ဘ) ဦးဆန်းအောင် (ဦးသန့်ဇင်၏ဇနီး) ဘီးလင်းမြို့နယ်နေသူတို့ နှစ်ဦးကို ကောင်းကောင်းစားသောက်ဆိုင်အနီး၌လည်းကောင်း စုစုပေါင်း ၁၁ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ပိုင်းချစ်ထွေး၏ ထွက်ဆိုချက်အရ မေ ၂ ရက်တွင် ကွင်းဆက်တရားခံ မြတ်ကိုကို (ဘ)ဦးမြင့်ရွှေ၊ သက်ပိုင်ထွေး(ခ)အေးချမ်းအောင် (ခ)ဘလပ်ခ် (ဘ)ဦးယဉ်ထွေး၊ ဆုမြတ်မွန်(ဘ) ဦးလှဦး၊ နန်းချယ်ရီဆောင်း (ဘ) ဦးသန့်ဇင်၊ ကျော်ကျော်ဦး (ဘ) ဦးသန်းထွန်း၊ နေမျိုးထွန်း (ဘ) ဦးကျော်ညွန့်၊ ဉာဏ်လင်းထက် (ဘ) ဦးနေဝင်း၊ ခင်မီမီဝင်း(ဘ)ဦးဆန်းဝင်း၊ ဇေယျာဖြိုး(ဘ)ဦးသက်နိုင်နှင့် စည်သူအောင်(ဘ)ဦးအေးမင်းလှိုင်တို့ ၁၀ ဦးတို့ကို သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းမကြီး ဇောတိကလမ်းသွယ် ငါးထပ်တိုက် လေးလွှာ၌ လက်ပစ်ဗုံးအကြီးတစ်လုံး (အမျိုးအစားစိစစ်ဆဲ)၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်ပစ်ဗုံးရှစ်လုံး၊ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်ပစ်ဗုံးငါးလုံး၊ စတီးလက်ပစ်ဗုံးတစ်လုံးနှင့် အချိုရည်ဘူးဖြင့်ပြုလုပ်ထားသော လက်ပစ်ဗုံးတစ်လုံး စုစုပေါင်း ၁၆ လုံးတို့နှင့်အတူ ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ပြင် မေ ၃ ရက်တွင် ဖမ်းဆီးရမိတရားခံ သက်ပိုင်ထွေး(ခ) အေးချမ်းအောင် (ခ) ဘလပ်ခ်၏ ထွက်ဆိုချက်အရ ကျော်စိုးဟိန်း(ဘ)ဦးမောင်မောင်ဦးအား အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရွာသစ်(၂) လမ်း၌ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲများ မီးပုလင်းပစ် မီးရှို့မှုများတွင် ပါဝင်လှုပ်ရှားခဲ့ကြောင်း၊ ထို့နောက် အဖျက်အမှောင့်ဆောင်ရွက်လိုသော လူတစ်စု၏ မက်လုံးပေးပြောဆိုစည်းရုံးမှုများမှတစ်ဆင့် ချိတ်ဆက်ပေးမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ နယ်မြေအတွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ရန် သွားရောက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်၍ စည်းရုံးထောက်ပံ့ပေးသူများဖြစ်သည့် လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် ဦးအေး (၃) လမ်းနေ ထွန်းထွန်း၊ လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက် မာလာမြိုင် (၃) လမ်းနေ ဥက္ကာ(NLD ရပ်/ကျေးဥက္ကဋ္ဌ)၊ ကျောက်မြောင်းရပ်ကွက် သီတာလမ်းနေ ရန်ကုန်(ခ)စောမိုက်ကယ်လင်း၊ ဖြိုတိန်နိုင်ငံနေ တောသားကြီးတို့ကိုလည်းကောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ပြီး ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် လှိုင်မြို့နယ် ရပ်ကွက်(၃) နေ ရဲခန့်၊ သင်တန်းကျောင်းသို့ သွားရောက်ရန် ချိတ်ဆက်ဆောင်ရွက်ပေးသူ ဘီးလင်းမြို့ ဖိုးလှကြီးရပ်ကွက် နွယ်နီလမ်းနေ တင့်လွင်ဦး(ခ)ဖိုးနီနှင့် လိုက်ပါပို့ဆောင်ပေးသူ ဘီးလင်းမြို့နယ်နေ လင်းထိုက်တို့ကိုလည်းကောင်း ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်ရောက်ခဲ့ကြသူများနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရန် ပါဝင်ပတ်သက်သူ ၂၂ ဦးတို့ကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိလျက်ရှိရာ မေ ၁၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်အင်းကျေးရွာရှိ ဦးမိုးအောင်(စိစစ်ဆဲ)ပိုင်ဆိုင်ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း၌ အဆိုပါကျေးရွာနေ ဇာနည်အောင်(ခ) အတာ(၃၄)နှစ် (ဘ)ဦးဆိတ်အောင်အား ဂျင်ကလိများ ပြုလုပ်နေသည်ကိုတွေ့ရှိရပြီး ၎င်းအနီးမှ ဂျင်ကလိ ၃၃ ချောင်း၊ သံချောင်း ၁၀ ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ရှိ နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်ခံထားရသည့် ကြံတောစုကျေးရွာနေ စည်သူကျော်(၃၄)နှစ် (ဘ)ဦးလှကြိုင်ပိုင်ဆိုင်သော နေအိမ်၌ လေသေနတ်များ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ခြံစောင့်ဖြစ်သူ တစ်ရွာတည်းနေ မိုးဝင်း(၃၉)နှစ် (ဘ) ဦးကြည်ဝင်းအားတွေ့ရှိရပြီး နေအိမ်အတွင်းမှ လေသေနတ်နှစ်လက်၊ ဂက်စ်ဖြင့် ပစ်ခတ်ရသည့် ပစ္စတိုသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အောင်သိဒ္ဓိဓမ္မာရုံ၏ စတိုခန်းအတွင်းမှ လက်လုပ်သေနတ်ငါးလက်၊ ခားရှည်သုံးချောင်း၊ ဂျင်ကလိ ၁၀၃ ချောင်းအပါအဝင် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် မဟာဘောဂ(၁)လမ်း ခြံအမှတ်(၃) လူနေထိုင်ခြင်းမရှိသည့် ခြံဝင်းအတွင်းမှ မီးစာတပ်ဆင်ထားသော ခတ်ဆီပုလင်း ၃၄ လုံး၊ လက်လုပ်မိုင်းတစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ည ၉ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်ရှိ အောင်ရတနာ ဘုန်းကြီးကျောင်းတိုက်၌ ဉူးသဇ္ဇ(ခ)ဦးသန့်ဇင် သက်တော်(၄၂)နှစ် ဝါတော် (၂၂) ဝါ (ဘ) ဦးလှသန်းကို ပွိုင့် ၂၂ ကျည်သုံးတောင့်၊ ဂျင်ကလိကိုးချောင်း၊ အကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဆက်လက်စစ်ဆေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


အင်္ဂပူမြို့နယ်၌ အမျိုးသား တစ်ဦးအား သေနတ်သုံးလက်နှင့်အတူ ဖမ်းဆီးရမိစဉ်။

သတင်းစဉ်

# စကားပြောနည်းသင်ရိုးအမှတ် ၁၀၁

# အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ

ခင်မောင်ညို(ဘောဂဗေဒ)

စကားပြောဆိုခြင်းသည် ဂေါက်သီးရိုက်ခြင်း၊ ကားတစ်စီးမောင်းခြင်း၊ စတိုးဆိုင်တစ်ဆိုင်ကို ပိုင်ခြင်းတို့ကဲ့သို့ပင် များများလုပ်လေ၊ များများရလေ လုပ်ရတာ ပိုပျော်လာလေဖြစ်သည့် ကိစ္စတစ်ခုဖြစ်သည်။ သို့သော်လည်း အခြေခံအချက်များကို နားလည်ရန်လိုသည်။

ကျွန်တော့်အနေဖြင့် စကားပြောဆိုသည့်နေရာတွင် အတိုင်းအတာ တစ်စုံတစ်ရာအထိ အောင်မြင်မှုရခဲ့သည့်အတွက် ကံကောင်းသည်။ သင့်အနေဖြင့် ဤစာအုပ်ကို ဖတ်နေစဉ် **"သေချာတာပေါ့၊ သူကတော့စကားပြောရတာ ပျော်စရာတဲ့၊ သူက အပြောကောင်းတာကိုး"**ဟု တွေးနေမိလိမ့်မည်။ ထိုသို့ တွေးနေမိလောက်အောင် ကျွန်တော့်အနေဖြင့် အောင်မြင်မှုရခဲ့သည်။ ကျွန်တော့်အတွက် သဘာဝအလျောက် စကားပြောကောင်းသူ ဖြစ်လာသည်မှာ မှန်ပါသည်။ သို့သော် တစ်စုံတစ်ခုနှင့်ပတ်သက်၍ မွေးကတည်းက စွမ်းရည်ရှိလာသည့်သူများသည် ထိုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားအားထုတ်ရသည်။


မူလက ပါရမီတစ်ခု၊ အစွမ်းအစတစ်ခုသည် အလေ့အကျင့်တစ်ခု၊ ကျွမ်းကျင်မှုတစ်ခုအဖြစ် ပြောင်းလဲလာခြင်းဖြစ်သည်။ ကျွန်တော်တွေ့ခဲ့သမျှ အကောင်းဆုံး ဘေ့စ်ဘောကစားသမားတစ်ယောက်ဖြစ်သော တက်ဒ်ဝီလျံသည် ကျွန်တော့်ဘဝတွင် တွေ့ခဲ့သမျှ အခြားသူများထက် မွေးရာပါစွမ်းရည်များ ပိုင်ဆိုင်သူဖြစ်သည်။ သို့သော်လည်း သူကိုယ်တိုင်ပင်လျှင် အခြားသူများကဲ့သို့ အလေ့အကျင့်လုပ်ယူရသည်ကို တွေ့ရသည်။ လူစီယာနို ပါဗာ ရောတီသည် အံ့သြဆန်းကြယ်သည့်အသံကို ပိုင်ဆိုင်မွေးဖွားလာသူ ဖြစ်သော်လည်း သူ့အနေဖြင့် သီချင်းဆိုသည့် လေ့ကျင့်ခန်းများကို သင်ကြားခြင်း၊ လေ့ကျင့်ခြင်းပြုရသည်။

ကျွန်တော့်အနေဖြင့် မွေးရာပါ စကားပြောဆိုနိုင်စွမ်းနှင့် စကားပြောဆိုချင်သည့် ဆန္ဒတို့ ရှိသည်မှာ မှန်ပါသည်။ သို့သော် ကျွန်တော်သည်ပင်လျှင် လွယ်လွယ်ကူကူ စကားပြော၍မရသည့် အချိန်အခါပေါင်းများစွာကို ကြုံကြိုက်ရသည်။

**နိမိတ်မကောင်းသောပွဲအတွက်**

မီယာမီဆိပ်ကမ်း ရေဒီယို စတူဒီယိုထဲရှိ နိုင်ငံပေါ်က ယင်တစ်ကောင်သာ လွန်ခဲ့သည့် ၃၇ နှစ်က သင်ဖြစ်ပြီး ကျွန်တော်၏ ပထမဦးဆုံး အသံလွှင့်သည့် အတွေ့အကြုံကို တွေ့ကြုံခဲ့ရလျှင် ဘယ်လိုမှ အသံလွှင့်လုပ်ငန်း၊ စကားပြောဆိုသည့်လုပ်ငန်းနှင့်ပတ်သက်၍ အောင်မြင်ရန် မဆိုထားနှင့် ပေါက်မြောက်နိုင်မည့်သူဟုပင် ထင်မည်မဟုတ်ပေ။

ဝါရှင်တန်မှအထွက် ပထမလမ်း ရဲစခန်းနှင့် မနီးမဝေးရှိ WAHR အမည်ရှိ အသံလွှင့်ရုံငယ်လေး၌ ၁၉၅၇ ခုနှစ် မေလ ၁ ရက်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။ ထိုနေရာသို့ ကျွန်တော် ရောက်နေသည်မှာ သုံးပတ်မျှရှိပြီး ကျွန်တော်၏ စိတ်ကူးယဉ်အိမ်ထဲက ရေဒီယိုလောကထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ကြိုးစားမျှော်လင့်လျက်ရှိသည်။ ထိုအသံလွှင့်ရုံ၏ အထွေထွေမန်နေဂျာ မာရှယ်စင်မွန်က တခြားကျွန်တော့်မှာ ဘာမျှချီးကျူးစရာမရှိသဖြင့် ကျွန်တော့်အသံကို သူကြိုက်နှစ်သက်ကြောင်းပြောသည်။ သို့သော်လည်း သူ့မှာခန့်ထားနိုင်သည့် အနေအထားမရှိပေ။ ထိုသို့ ဖြစ်သည့်အတွက်လည်း ကျွန်တော် စိတ်ဓာတ်ကျဆင်းသွားခြင်း မရှိပေ။ ကျွန်တော့်အနေဖြင့် ကျွန်တော်၏ကံကို စမ်းသပ်ကြည့်ချင်ကြောင်းကိုလည်း ပြောပြသည်။ သူက **"ဒါဆိုကောင်းပြီ၊ ဒီအလုပ်ကို စိတ်ဝင်စားနေရင် နေရာလပ်ရှိတဲ့**




**နောက်တစ်ကြိမ်မှာ ရပါလိမ့်မယ်"**ဟု ပြောဆို လွှတ်လိုက်သည်။

ကျွန်တော်သည် ဘရုကလင်းမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ ထိုအသံလွှင့်ရုံသို့ လမ်းလျှောက်လာနိုင်သည့် အနီးအနားတွင်ပင် ကျွန်တော်၏ ဦးလေးဂျက်နှင့် သူ၏ဇနီးတို့နှင့်အတူ အခန်းငယ်လေးတစ်ခုမှာ ကျွန်တော်နေထိုင်သည်။ ထိုသို့နေပြီး ရရှိမည့်ရာထူးကို စောင့်စားနိုင်သည်။ ကျွန်တော့်မှာ ပိုက်ဆံလည်းမရှိ၊ အကာအရံဟူ၍ ကျွန်တော့်ဦးလေး၏ အိမ်ခေါင်မိုးသာရှိသည်။ နေ့စဉ် အသံလွှင့်ရုံသို့ သွားသည်။ သတင်းအသံလွှင့်သူများ၏ သတင်းထုတ်လွှင့်ပုံကို နားထောင်သည်။ အားကစားသတင်းထုတ်ပြန်မှုများကို ကြည့်ရှုသည်။

အေပီနှင့် ယူပီအိုင် သတင်းဌာနများမှ ထုတ်လွှင့်သော သတင်းများကို တိတ်တိတ်ဆိတ်ဆိတ် စွဲစွဲလမ်းလမ်း ပထမဆုံးအကြိမ် စောင့်ကြည့်ခဲ့သည်။ ကျွန်တော့်အကြောင်းကို ဇာတ်လမ်းအချို့ ရေးသည်။ တစ်စုံတစ်ယောက်က ကျွန်တော်၏ဇာတ်လမ်းကို အသံလွှင့်ရန်အတွက် အသုံးပြုကောင်းပြုနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့်ဖြစ်သည်။ သုံးပတ်ခန့်ကြာသည့်အခါ ရုတ်တရက်ဆိုသလိုပင် နံနက်ပိုင်း၌ အသံလွှင့်သောဒီဂျေက အလုပ်ထွက်သွားသည်။ မာရှယ်က ကျွန်တော့်ကို သောကြာနေ့တစ်ရက်တွင် သူ့ရုံးခန်းသို့ခေါ်ပြီး ကျွန်တော်အလုပ်ရကြောင်း ပြောလိုက်သည်။ တနင်္လာနေ့ နံနက် ၉ နာရီမှစ၍ အလုပ်ဝင်ရမည်ဖြစ်ကြောင်း ပြောသည်။ တစ်ပတ်လျှင် ၅၅ ဒေါ်လာရမည်။ နံနက် ၉ နာရီမှ စတင်အလုပ်လုပ်ရမည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ အလုပ်လုပ်ရမည်။ အားကစားသတင်း ထုတ်လွှင့်ခြင်းကို ညနေ ၅ နာရီ ထိုးသည်အထိ လုပ်ရမည်။

ကျွန်တော်၏ စိတ်ကူးယဉ်အိပ်မက်များ အကောင်အထည်ပေါ်လာပြီ။ ရေဒီယို၌ အသံလွှင့်ရရုံသာမက နံနက်ပိုင်းတွင် သုံးနာရီခန့် အသံလွှင့်ရမည်။ ညနေပိုင်းတွင် ခြောက်ရက် အသံလွှင့်ရမည်။ CBS အသံလွှင့်ဌာန၏ လူကြိုက်များသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သော အာသာဂေါ့ဖရီးကဲ့သို့ပင် မကြာခဏ အသံလွှင့်ရတော့မည်။

ထိုတစ်ပတ်လုံး ကျွန်တော် လုံးဝအိပ်မပျော်။ အသံလွှင့်ရာတွင် ပြောရမည့်စကားများကို အစမ်းလေ့ကျင့်ကြည့်သည်။ အလုပ်သွားရမည့် နံနက် ၈ နာရီခွဲ၌ ကျွန်တော်သည် အမှိုက်ခြင်းတစ်ခြင်းလိုဖြစ်နေသည်။ ကျွန်တော်၏ပါးစပ်နှင့် လည်ချောင်း ခြောက်မနေစေရန် ကော်ဖီနှင့် ရေကိုသောက်သည်။ လက်စပ်အဲလ်ဂင်၏ **"လမ်းတစ်လျှောက်"** အမည်ရှိသည့် ဓာတ်ပြားကို အဆင်သင့် ဖွင့်နိုင်ရန် ပြင်ထားသည်။ ကြာလာလေ စိတ်လှုပ်ရှားလေဖြစ်လာသည်။

ထို့နောက် မာရှယ်က သူ၏ရုံးခန်းထဲသို့ခေါ်ပြီး **"ကံကောင်းပါစေ"** ဟု ဆုတောင်းကြောင်း ပြောသည်။ သူ့ကို ကျေးဇူးတင်စကားဆိုပြီးနောက် သူက **"မင်းဘယ်နာမည်ကို သုံးမှာလဲ"**ဟု မေးသည်။ ကျွန်တော်က **"ခင်ဗျား ဘာတွေပြောနေတာလဲ"** ဟု ပြန်မေးလိုက်သည်။

**"ဒီလိုကွယ့်မင်းဟာ လယ်ရီဇက်ကာဆိုတဲ့ နာမည်ကိုတော့သုံးလို့ မရဘူး။ ဒီနာမည်က လူမျိုးစွဲရှိနေတယ်။ လူတွေက နာမည်ကို ကောင်းကောင်းပေါင်းတတ်မှာမဟုတ်ဘူး။ မှတ်မိကြမှာ မဟုတ်ဘူး။ ဒီထက်ကောင်းတဲ့ နာမည်တစ်ခုလိုတယ်။ အဲဒီတော့ အခုနာမည် လယ်ရီဇက်ကာဆိုတာတော့ မသုံးနဲ့ကွာ။"**

သူ၏စားပွဲပေါ်၌ မီယာမီ ဟယ်ရာဒ်သတင်းစာကို ဖွင့်ထားသည်။ ထိုသတင်း၌ **"ကင်းအရက် လက်ကားလုပ်ငန်း"**ဟူသည့် မျက်နှာပြည့် ကြော်ငြာကို တွေ့ရသည်။ မာရှယ်က ထိုကြော်ငြာကို ငုံ့ကြည့်ပြီးနောက်..

**"မင်းနာမည် လယ်ရီကင်းဆိုရင် ဘယ့်နှယ်လဲကွ"** ဟု ပြောလိုက်သည်။

**"သိပ်ကောင်းတာပေါ့ဗျာ"**

**"ဟုတ်ပြီ ဒါဆိုရင် မင်းနာမည်ဟာ လယ်ရီကင်း မင်းဟာ လယ်ရီကင်း အစီအစဉ်ကို လွှင့်ထုတ်ရမယ်။"**

ထိုသို့ဖြင့် အလုပ်သစ်တစ်ခု၊ အသံလွှင့် အစီအစဉ်တစ်ခု၊ သီချင်းအသစ်တစ်ခု၊ နာမည်သစ်တစ်ခုကို ရခဲ့သည်။ သတင်းများကို နံနက် ၉ နာရီ၌ လွှင့်ထုတ်ရာ အကြိုတီးလုံးကို ဖွင့်လှစ်ပြီးနောက် စောင့်မျှော်နေကြသော သောတရှင်ပရိသတ်များအတွက် လယ်ရီကင်း၏ အစီအစဉ်ကို လွှင့်ထုတ်ရန် အဆင်သင့် ဖြစ်နေသည်။ ကျွန်တော်၏ နှုတ်ခမ်းများသည် ဝါဂွမ်းစကဲ့သို့ ပေါ့ပါးလျက်ရှိနေသည်။ ကျွန်တော့် အစီအစဉ်ကို စက်ပိုင်းဆိုင်ရာ တာဝန်ယူရသည်မှာလည်း ကျွန်တော်ကိုယ်တိုင်ပင်ဖြစ်သည်။ အသံလွှင့်ရုံငယ်တစ်ခုအတွက် သီးခြားအင်ဂျင်နီယာမရှိ။ ကျွန်တော့်အစီအစဉ်အတွက် ဖွင့်လှစ်ရမည့် အကြိုတီးလုံးကို ကျွန်တော်ကိုယ်တိုင်ပင် ဖွင့်လှစ်ရသည်။ သီချင်းသံဝင်လာသည်။ ထို့နောက် စကားစတင်ပြောနိုင်ရန် သီချင်းသံကို ဖြည်းဖြည်းချင်း လျှော့ချလိုက်သည်။ သီချင်းသံပျောက်သွားသော်လည်း ဘာသံမျှထွက်မလာ။

ထို့ကြောင့် ကျွန်တော် သီချင်းကို ထပ်ဖွင့်သည်။ ဖြည်းဖြည်းချင်း လျှော့ချသည်။ ကျွန်တော့်နှုတ်ဖျားမှ မည်သည့်အသံမျှ ထွက်မလာ။ ထိုသို့ နောက်တစ်ခေါက် ထပ်လုပ်ရသည်။ သုံးကြိမ်တိုင်အောင် ကျွန်တော်၏ သောတရှင်များက ဓာတ်ပြားတစ်ချပ် အသံနိမ့်လိုက်မြင့်လိုက်ဖြစ်နေသည်ကိုသာ ကြားရသည်။ လူသံကို လုံးဝမကြားရပေ။

ကျွန်တော့်ကိုယ်ကျွန်တော် **"ငါတော့မှားနေပြီ"**ဟု ပြောမိသည်ကို မှတ်မိသည်။ ကျွန်တော့်အနေဖြင့် လမ်းပေါ်က လူတစ်ယောက်သာဖြစ်ပြီး ဤအလုပ်ကို ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်ရန် အဆင်သင့်မဖြစ်သေး။ ဤအလုပ်ကို ကျွန်တော်သဘောကျနှစ်ခြိုက်သော်လည်း ဤအလုပ်အတွက် ကျွန်တော်အဆင်သင့်မဖြစ်သေးပေ။ လုပ်နိုင်ရန်အတွက် အစွမ်းအစများ မရှိသေးပေ။

**❂ စကားပြောဆိုခြင်းသည် ဂေါက်သီးရိုက်ခြင်း၊ ကားတစ်စီးမောင်းခြင်း၊ စတိုးဆိုင်တစ်ဆိုင်ကို ပိုင်ခြင်းတို့ကဲ့သို့ပင် များများလုပ်လေ၊ များများရလေ လုပ်ရတာ ပိုပျော်လာလေဖြစ်သည့် ကိစ္စတစ်ခုဖြစ်သည်။ သို့သော်လည်း အခြေခံအချက်များကို နားလည်ရန်လို။**

**❂ မူလက ပါရမီတစ်ခု၊ အစွမ်းအစတစ်ခုသည် အလေ့အကျင့်တစ်ခု၊ ကျွမ်းကျင်မှုတစ်ခုအဖြစ် ပြောင်းလဲလာခြင်းဖြစ်။**

စာမျက်နှာ ၂၄ သို့ ❍

○ စာမျက်နှာ ၂၃ မှ

ထိုကဲ့သို့သော ရောမအခွင့်အရေးကြီးကို ပေးလောက်အောင် အလွန်ကြင်နာတတ်သည့် မာရှယ်စင်မွန်က အထွေထွေမန်နေဂျာ တစ်ယောက်အနေဖြင့် ဒေါသထွက် ပေါက်ကွဲတော့သည်။ ထိန်းချုပ်ခန်းတံခါးကို သူ၏ခြေထောက်ဖြင့် ကန်ဖွင့်လိုက်ပြီး စကားလုံးငါးလုံးကို ကျယ်ကျယ်လောင်လောင် ရှင်းရှင်းလင်းလင်း ပြောလိုက်သည်။

**"ဒါဟာ... ဆက်သွယ်ရေးလုပ်ငန်းကွ"**

ထို့နောက် သူသည် တံခါးကိုဆောင့်ပိတ်ပြီး ကျောခိုင်းထွက်ခွာသွားသည်။

ထိုအချိန်၌ မိုက်ကရိုဖုန်းကို ဆွဲယူလိုက်ပြီး အသံလွှင့်သူတစ်ယောက်၏ ပထမဆုံး ဝေါဟာရများကို ရွတ်ဆိုလိုက်သည်။

**"မင်္ဂလာပါခင်ဗျာ... ဒီနေ့ဟာ ကျွန်တော့်အတွက် ရေဒီယိုမှာ အသံလွှင့်တဲ့ ပထမဆုံးနေ့ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အလွန်အသံလွှင့်ခဲ့ချင်တာပါ။ ဒီလို အသံလွှင့်ဖို့လည်း တစ်ပတ်လုံး ပြင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၅ မိနစ်က ကျွန်တော်ဟာ နာမည်အသစ်ရပါတယ်။ ကျွန်တော့် အစီအစဉ်အတွက်လည်း သီချင်းအသစ်တစ်ပုဒ် အဆင်သင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ပါးစပ်က ဘာသံမှမထွက်ဘူး။ ကျွန်တော့်စိတ်တွေ သိပ်လှုပ်ရှားနေတယ်။ ကျွန်တော့်ရဲ့ အထွေထွေမန်နေဂျာကြီးက အခုပဲ တံခါးကို ပိတ်ကန်ထည့်လိုက်ပြီး ဒါဟာ... ဆက်သွယ်ရေးလုပ်ငန်းကွလို့ ပြောသွားပါတယ်"** ။

ယခုလို စတင်ပြောနိုင်ခြင်းကြောင့် ဆက်ပြောရန် ယုံကြည်စိတ်ချမှုများ တိုးပွားလာခဲ့သည်။ ဆက်ပြောရာတွင်လည်း အစစအရာရာ အဆင်ပြေသွားသည်။ ဤသည်မှာ စကားပြောသည့် လုပ်ငန်းအစ၌ ကျွန်တော်တွေ့ခဲ့ရသည့် အတွေ့အကြုံဖြစ်သည်။ ရေဒီယိုအသံလွှင့်လုပ်ငန်းတွင် နောက်နောင်၌ မည်သည့်အခါမျှ စိတ်လှုပ်ရှားခြင်း မရှိတော့ပေ။

**ရိုးသားမှု**

အသံလွှင့်လုပ်ငန်း၌ဖြစ်စေ၊ အသံလွှင့်လုပ်ငန်း မဟုတ်သည့် ပြင်ပ၌ဖြစ်စေ ရိုးသားမှုရှိရန် လိုအပ်ကြောင်း မီယာမီကမ်းခြေ၏ နံနက်ခင်းတစ်ရက်တွင် သင်ခန်းစာရရှိခဲ့သည်။ အသံလွှင့်သည့် လုပ်ငန်း၌သာမက အခြားစကားပြောသည့် မည်သည့်နေရာ၌မဆို ရိုးသားသည့်အတွက် မည်သည့် အခါမျှ မမှားနိုင်ပါ။ အာသာဂေါ့ဖရီးက အောင်မြင်သည့် အသံလွှင့်သူတစ်ယောက်ဖြစ်ရန် ရိုးသားမှု ရှိရန်လိုကြောင်း ပြောပြခဲ့သည်။ မိမိ၏ သောတရှင်များ၊ ကြည့်ရှုသူများကို မိမိခံစားရသလို ခံစားရစေပြီး မိမိအတွေ့အကြုံကို ရရှိစေသင့်သည်။

မီယာမီ၌ပင် ရုပ်မြင်သံကြားရိုက်ကူးမှုတစ်ခု ပြုလုပ်သည့်အခါ ပထမဆုံးအကြိမ် ရေဒီယိုအသံလွှင့်စဉ်က တွေ့ကြုံခဲ့ရသည့် စိတ်လှုပ်ရှားမှုမျိုးကို တွေ့ကြုံခဲ့ရသည်။

ယခင်ကဆိုလျှင် ရုပ်မြင်သံကြားတစ်ခါမျှ လွှင့်ထုတ်ခဲ့ဖူးခြင်း မရှိပေ။ ထို့ကြောင့်ပင်လျှင် စိုးရိမ်စရာများ ဖြစ်လာခဲ့ရခြင်းဖြစ်သည်။ ရုပ်မြင်သံကြား ထုတ်လုပ်သူကလည်း ကျွန်တော်၏ နေရာတွင် နေခိုင်း၊ ကိုယ်ချင်းစာခိုင်းသည်။ ကျွန်တော် စိတ်လှုပ်ရှားနေကြောင်း သူတို့ကို ပြောပြသည်။ ရေဒီယိုပေါ်၌ သူတို့ကို သုံးနှစ်ကြာပြော ခဲ့သော်လည်း ရုပ်မြင်သံကြား၌ ယခုတစ်ကြိမ်သာ ပြောဖူးကြောင်း ပြောပြသည်။ ထို့နောက် ဆုံလည်ကုလားထိုင်၌ ကျွန်တော့်ကို ထိုင်ခိုင်းကြောင်း ပြောပြသည်။

ထိုအခါ လူတိုင်းက ကျွန်တော်၏အခြေအနေကို သဘောပေါက်လာသည်။ ကျွန်တော်လည်း ဆက်လက်ပြီး စိတ်လှုပ်ရှားခြင်း မရှိတော့ပေ။ ထို့နောက် ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ် ပြောလာနိုင်သည်။ ရုပ်မြင်သံကြားရိုက်သည့် ပထမည၌ပင် အောင်မြင်မှုရရှိခဲ့သည်။

> **စကားပြောလေ့ကျင့်လိုသည့်အပြင် စကားပြောကောင်းသူတစ်ယောက်ဖြစ်ရန်အတွက် အခြားလိုအပ်ချက်နှစ်ခုလည်း ရှိသေးသည်။ ပထမတစ်ခုမှာ အခြားသူများကို ရိုးရိုးသားသား စိတ်ပါဝင်စားမှုရှိရန်နှင့် ထိုသူများနှင့် ဆက်ဆံရာတွင် မိမိအကြောင်း ပွင့်ပွင့်လင်းလင်း ရှိရန်တို့ဖြစ်။**

ထိုသို့ အောင်မြင်မှုများ ရရှိခြင်းမှာ ကျွန်တော်စကားပြောနေသည့်သူများနှင့်ပတ်သက်၍ ရိုးရိုးသားသား ဆက်ဆံခြင်းကြောင့် ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးက မကြာသေးမီက မေးခွန်းမေးခဲ့ဖူးသည်။ **"ခင်ဗျားဟာ NBC သတင်းဌာန ခန်းမထဲကို လမ်းလျှောက်လာတယ်။ အဲဒီအခါ လူတစ်ယောက်က ခင်ဗျားကို ဆွဲခေါ်သွားတယ်။ စတူဒီယိုထဲက ကုလားထိုင်မှာ ထိုင်ခိုင်းလိုက်တယ်။ လက်ထဲကို စာရွက်အချို့ ထည့်ပေးလိုက်တယ်။ ပြီးတဲ့အခါ ဘရိုကောကတော့ ဒီနေ့ နေမကောင်းဘူး။ အဲဒီတော့ မင်းပဲ သူ့နေရာဝင်တော့လို့ ပြောတယ်။ ချက်ချင်း မီးတွေထိုးပြီး စရိုက်ကြမယ်။ အဲဒီလိုဆိုရင် မင်းဘာလုပ်မလဲ"**ဟု မေးခဲ့ဖူးသည်။

ထိုအခါ ကျွန်တော်က **"ကျွန်တော့်အနေနဲ့ လုံးဝရိုးရိုးသားသား ဆောင်ရွက်မယ်"** ဟု သူတို့ကို ပြောပြခဲ့သည်။ ကင်မရာကို တည့်တည့်ကြည့်ပြီး **"အခု ကျွန်တော် NBC သတင်းဌာနရဲ့ ခန်းမထဲကို ရောက်လာတယ်၊ အဲဒီအချိန်မှာ လူတစ်ယောက်က ဆွဲခေါ်ပြီးတော့ ဒီစာရွက်တွေကို ပေးသွားတယ်၊ ဘရိုကော ဆိုတဲ့ကောင် နေမကောင်းဘူး၊ အဲဒီတော့ သူ့နေရာကို မင်းဝင်ကွာလို့ ပြောသွားတယ်"** ဟု စပြီး ပြောမည်။

ထိုသို့ပြောခြင်းဖြင့် ပရိသတ်အားလုံးက ကျွန်တော်သည် တစ်ခါမျှ သတင်းမလွှင့်ဖူးကြောင်း ချက်ချင်းသိသွားမည်။ ရှေ့ဘာတွေဆက်ဖြစ်လာမည်ကိုလည်း မသိကြောင်း၊ ကျွန်တော့်အတွက် အထူးအဆန်း ဖြစ်နေသည့်အရာများကို ဖတ်ပြရမည်ဖြစ်ကြောင်း၊ မည်သည့်ကင်မရာကို လိုက်ကြည့်ရမည်မသိကြောင်းတို့ကို သိသွားမည်။ ကြည့်ရှုသူအားလုံးက ကျွန်တော့်ဘက်ပါလာကြမည်။ ခရီးသွားဖော်သွားဖက်များ ဖြစ်လာမည်။ သူတို့ကို ရိုးရိုးသားသား ဆက်ဆံကြောင်း သူတို့သဘောပေါက်သွားမည်။ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားအားထုတ်မည်ဖြစ်ကြောင်း သူတို့သိသွားမည်။

ကျွန်တော် ဘာလုပ်နေကြောင်းကိုသာ အောင်အောင်မြင်မြင် ထုတ်ဖော်ပြောကြားနိုင်သည်မက ကျွန်တော်ရောက်နေသည့် အကျပ်အတည်းကိုလည်း ပြောနိုင်သည်။ ယခုအခါ၌ ကျွန်တော်သည် လိမ်ရ၊ ညာရသည့် ကိစ္စထက် မှန်မှန်ကန်ကန် ရိုးရိုးသားသား ဆက်ဆံရခြင်းက ပို၍ကောင်းသည့် အခြေအနေသို့ ရောက်လာသည်။ ပြောင်းပြန်ပြောရလျှင် အကယ်၍ ကျွန်တော်သည် ကမ္ဘာ့ထိပ်ပေါ်၌ ရောက်နေမည်။ အစစအရာရာ ကြီးကျယ်ခမ်းနားနေလျှင်လည်း ထိုသို့ ကြီးကျယ်ခမ်းနားနေကြောင်းကို ကျွန်တော်၏ ပရိသတ်ကို ပြောပြမည်။ ကျွန်တော်၏ ပရိသတ်ကို ကျွန်တော်နှင့်အတူ ဆွဲခေါ်သွားမည်။ ကျွန်တော်၏ အတွေ့အကြုံများကို မျှဝေခံစားမည်။

(ဆက်လက်ဖော်ပြပါမည်)

[ခင်မောင်ညို (ဘောဂဗေဒ)၏ ကျွန်တော်တို့အားလုံး စကားပြောရမည်" စာအုပ်မှ "စကားပြောနည်းသင်ရိုးအမှတ် ၁၀၁၊ အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း]

**✳ အမျိုးသမီးမှ**

အခြားတိုက်ကြီးများတွင် အမျိုးသမီးကလပ် ချန်ပီယံလိဂ်ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်မှစ၍ အသင်းပေါင်း ၄၀ ဖြင့် စတင်ကျင်းပရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားကလပ်အသင်းများအတွက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ကာလရှည်ကျင်းပလျက်ရှိသော်လည်း အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို လာမည့်နှစ်အနည်းငယ်မှ စတင်ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ထပ်မံထုတ်ပြန်မည်**

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ပြိုင်ပွဲကျင်းပနိုင်ရန် ပထမခြေလှမ်းအဖြစ် ယခုနှစ်အတွက် အာရှဒေသတွင်းမှ အမျိုးသားကလပ်အသင်းများ ကလပ်လိုင်စင်ပြုလုပ်ရာတွင် အမျိုးသမီးကလပ်အသင်းတစ်သင်း မဖြစ်မနေဖွဲ့စည်းရမည့် စည်းမျဉ်းကို ထည့်သွင်းထားပြီး အမျိုးသားကလပ်အသင်းဖွဲ့စည်းထားသည့် အသင်းတိုင်း အမျိုးသမီးကလပ်အသင်းပါ ဖွဲ့စည်းရမည့် အနေအထားဖြစ်လာစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှချန်ပီယံလိဂ်အမျိုးသမီးကလပ်ပြိုင်ပွဲ ကျင်းပမည့်ပုံစံ၊ ပြိုင်ပွဲစည်းမျဉ်း၊ နိုင်ငံအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည့် အသင်းအရေအတွက်တို့ကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

**ပထမဆုံးယှဉ်ပြိုင်ခွင့်ရမည်**

အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ပြိုင်ပွဲ ကျင်းပဖြစ်ပါက မြန်မာအမျိုးသမီးကလပ်အသင်းများအတွက် အခွင့်အလမ်းများပိုလာမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန် ထပ်တိုးလာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးကလပ်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းအထိ အာရှအဆင့်၊ အာဆီယံအဆင့် ကလပ်ပြိုင်ပွဲများယှဉ်ပြိုင်ရခြင်းမရှိဘဲ ယခုနှစ်တွင်မှ အာရှကလပ်အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအား ပထမဆုံးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးကလပ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပပါက မြန်မာကလပ်များအနေဖြင့် အဆင့်မြင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရမည့် အတွေ့အကြုံအပြင် ကစားသမားများအတွက်ပါ အခွင့်အလမ်းကောင်းများ ရှိလာမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ မြန်မာနေရှင်နယ်လိဂ် အမျိုးသားကလပ်အသင်းများမှာ အမျိုးသမီးအသင်းများ ဖွဲ့စည်းရမည်ဖြစ်ရာ အမျိုးသမီးဘောလုံးသမားများအတွက် အခွင့်အရေးကောင်းများ ရရှိလာမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်၏ ပြိုင်ပွဲတိုးမြှင့်မှု၊ စည်းမျဉ်းထပ်တိုးမှုအပေါ် မြန်မာအမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

**ကိုညီလေး**

# စံချိန်သစ်တင်လိုက်တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ တေးဂီတမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ဟာ အမျိုးသမီး ကေပေ့ါပ် တေးဂီတအဖွဲ့တွေအနက် ကြည့်ရှုသူ သန်း ၁၀၀ ကျော်လွန်တဲ့ တေးဗီဒီယိုအများဆုံး ရရှိထားတဲ့ တေးဂီတအဖွဲ့အဖြစ် မှတ်တမ်းသစ် တင်နိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၅ ရက်မှာ အဆိုပါ တေးဂီတအဖွဲ့ရဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Breakthrough ရဲ့တေးဗီဒီယိုဟာ ကြည့်ရှုသူ သန်း ၁၀၀ ပြည့်မြောက်ခဲ့ပါပြီ။ ဒါကြောင့် အဆိုပါ တေးဂီတအဖွဲ့ရဲ့ တေးဗီဒီယို ၁၇ ပုဒ်ဟာ ကြည့်ရှုသူ သန်း ၁၀၀ ကျော်လွန်ခဲ့တာကြောင့် အမျိုးသမီး ကေပေ့ါပ်တေးဂီတ အဖွဲ့တွေအနက် ကြည့်ရှုသူ သန်း ၁၀၀ ကျော်လွန်တဲ့ တေးဗီဒီယိုအများဆုံးရှိတဲ့ တေးဂီတအဖွဲ့ ဖြစ်လာခဲ့ကြောင်းလည်း သိရပါတယ်။




အဆိုပါတေးဂီတအဖွဲ့ရဲ့ကြည့်ရှုသူ သန်း ၁၀၀ ကျော် လွန်တဲ့ တေးဗီဒီယိုတွေအနက် ကိုရီးယားတေးသီချင်း ၁၄ ပုဒ် ပါဝင်ကာ အခြားတေးသီချင်း သုံးပုဒ်မှာ ဂျပန်တေးသီချင်းတွေ ဖြစ်ပါတယ်။

TWICE ဟာ မကြာမီမှာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာဖို့ရာ စီစဉ်ထားပါတယ်။ အဖွဲ့ရဲ့ ၁၀ ခု မြောက် မီနီတေးအယ်လ်ဘမ်သစ် Taste of Love ကို လာမယ့် ဇွန် ၁၁ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်ပြီး ခေါင်းစီး တေးသီချင်းကို ဇွန် ၉ ရက်မှာ ထုတ်လွှင့်မှာပါ။

**အေးပြည့်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဓါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒကန်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းမြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဓါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၀** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၀၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀(က) (၃) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူများထံမှတစ်ပါတည်း ကောက်ခံပေးရန်တာဝန်ရှိသကဲ့သို့ ကောက်ခံရရှိသော ထိုကုန်သွယ်လုပ်ငန်းခွန်များကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ စားသောက်ဆိုင်များတွင် စားသုံးသူများအနေဖြင့် စားသောက်ဆိုင်သို့ ကျသင့်ငွေပေးချေချိန်တွင် အခွန်အမှတ်တံဆိပ်ကပ်ထားသော ပြေစာကိုတောင်းယူခြင်းဖြင့်လည်းကောင်း၊ စားသောက်ဆိုင်များကလည်း စားသုံးသူက တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသော ပြေစာများကိုသာ ထုတ်ပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန



# ရန်ကုန်(ပန်းဆိုးတန်း - ဒလ) သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်တို့၌ ခရီးသည်များ ပုံမှန်သွားလာ

ရန်ကုန် မေ ၁၉
ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်းနှင့် ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်တို့တွင် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားများ ရန်ကုန်မြို့တွင်းသို့ ပုံမှန်ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ ဖတ်စရာ

တာဝန်ယူမှု တာဝန်ခံမှု
ဆောင်းပါး စာမျက်နှာ » ၆

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု အထူးအရေးကြီးလျက်ရှိ
စာမျက်နှာ » ၇

ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ခဲ့မှုအား ဖော်ထုတ်ရရှိ
စာမျက်နှာ » ၂၂

စကားပြောနည်းသင်ရိုးအမှတ် ၁၀၁ အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ
ဆောင်းပါး စာမျက်နှာ » ၂၃

## အမျိုးသမီးကလပ်ပြိုင်ပွဲ ထပ်တိုးကျင်းပရန် အာရှဘောလုံးအဖွဲ့ချုပ်စီစဉ်

ရန်ကုန် မေ ၁၉
အာရှဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ အမျိုးသမီးကလပ်ပြိုင်ပွဲတစ်ခု ထပ်တိုးကျင်းပရန် စီစဉ်လျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲအဖြစ် အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ပြိုင်ပွဲကို ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းမှ အမျိုးသမီးကလပ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန် စီစဉ်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် အာရှကလပ်အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့သော်လည်း ယင်းပြိုင်ပွဲထက် အဆင့်မြင့်သည့် ပြိုင်ပွဲတစ်ခု ဖန်တီးရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✳

## ကုန်ကြမ်းတင်သွင်း၍ ကုန်ချောတင်ပို့ခြင်းဖြင့် ဈေးကွက်ဝင်ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းပို့ကုန်မှ နိုင်ငံအတွက် အခွန်ငွေ ပိုမိုရရှိနိုင်

ရန်ကုန် မေ ၁၉
ငါးပုပ်ခြောက်နှင့် ငါးစည်ဖောင်းကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ကုန်ကြမ်းရှားပါးလာချိန်တွင် ပြည်ပမှကုန်ကြမ်းတင်သွင်း၍ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်တင်ပို့ခြင်းဖြင့် နိုင်ငံအတွက် အခွန်ငွေ ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

### အခွန်ငွေနှစ်မျိုးရရှိနိုင်

သဘာဝရေပြင်တွင် ငါးရှားပါးလာချိန်၌ ပင်လယ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံမှ ကကူရံငါးကို တင်သွင်းပြီး အခြောက်ပြုလုပ်သည့်နည်းတူ ငါးစည်ဖောင်းထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ကာ အပြိုင်အဆိုင်ဝယ်ယူနေသော ပြည်ပဈေးကွက်သို့ မြန်မာနိုင်ငံမှ တင်ပို့လျက်ရှိရာ ထိုငါးကိုတရားဝင်တင်သွင်းခြင်းဖြင့် ပို့ကုန်မှနိုင်ငံအတွက် အခွန်ငွေနှစ်မျိုးရရှိနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

